ကျမ်းစာ သမိုင်း အမေးအဖြေ

# ဓမ္မသစ်ကျမ်း   သမိုင်း

Seniors(Level III)
Book 2 of 2

by Rev John A Heys
edited by J J Lim
with invaluable contributions by David Higgs

February 2011 edition

# ကျမ်းစာ သမိုင်း အမေးအဖြေ- ဓမ္မသစ်ကျမ်း သမိုင်း

(Seniors - Book 2/2)

by Rev H Velman
edited by J.J. Lim
with invaluable contributions by Ps David Higgs

Original version by Rev John A Heys is property of the Protestant Reformed Churches of America
J.J. Lim edited version © 2011 by Pilgrim Covenant Church.

Myanmar language version © Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All rights reserved

Translated by Zam Lam Thang, David
dzlthang@gmail.com

**(အသင်းတော်အတွင်း ကန့်သတ်)**

## နိဒါန်း

ဤအမေးအဖြေစာအုပ်သည် ကမ္ဘာဦးကျမ်း ၃း၁၅ ၌ဖော်ပြထားသောအကြောင်းအရာများအပေါ် အခြေခံထားသည်။ ဤကျမ်းပိုဒ်သည် ပထမဦးဆုံးသောဂတိတော်၊ ပထမဦးဆုံးသောသတင်းကောင်း နှင့်ပတ်သက်သောကတိတော်ကို လူသိရှင်ကြားကြေငြာခြင်းဖြစ်သည်။ ဓမ္မဟောင်းကျမ်းသမိုင်းတစ်ခုလုံးသည် ထိုဂတိတော်ကို သိရှိရန်ဖွင့်ပြပေးထားသောစာအုပ်ဖြစ်သည်။

၁၉၅၅-၁၉၆၃ခုနှစ်အတွင်း Synod of the Protestant Reformed Churches အသင်းတော်များဆုံးဖြတ်ချက်နှင့်အညီ ကျွန်ုပ်တို့၏သားသမီးများအတွက် ဤအမေးအဖြေစာအုပ်ကို တရားဝင်ထုတ်ဝေထားခြင်းဖြစ်ပါသည်။

ဤစာအုပ်သည် အသက် ၁၁ နှစ်မှ ၁၂ အရွယ်ကလေးများအတွက် ထုတ်ဝေထားခြင်းဖြစ်ပြီး၊ Rev G Vanden Berg ၏အတန်းငယ်ကလေးများအတွက်ထုတ်ဝေခဲ့ပြီးသော *ဓမ္မသစ်ကျမ်း*အားလေ့လာရန်နှင့်ထိုစာအုပ်ထဲတွင်ရှိသောအကြောင်းအရာများကို ထပ်မံသိရှိစေရန်အတွက်ဖြစ်ပါသည်။ ဤစာအုပ်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏သားသမီးများသည် ဓမ္မသစ်ကျမ်းကိုရင်းနှီးကျွမ်းဝင်ရုံသာမကဤအချက်များအားဖြင့်ကျွန်ုပ်တို့လေ့လာသင်ယူသောအခြေခံကျသည့်သမ္မာတရားများကိုမိတ်ဆက်ပေးရန်အတွက်ဖြစ်သည်။ ထိုအကြောင်းအရာများသည် Protestant Reformed Churches... များတွင်ဝန်ခံခဲ့ကြသောအချက်အလက်များဖြစ်ကြသည်။

မြေပုံများအသုံးပြုခြင်းသည် ကျမ်းစာမေးခွန်းများသိရှိနားလည်ရန်အတွက် အကျိုးပြုလိမ့်မည်ကို ထင်ရှားလျက်ရှိသည်။ အဓိကအားဖြင့် ရှင်ပေါလု၏သာသနာခရီးစဉ်ကို မြေပုံအားဖြင့်လေ့လာရမည်ဖြစ်သည်။

ဤစာအုပ်ငယ်ထုတ်ဝေရာတွင် ကူညီခဲ့ကြသောသူအားလုံးအပေါ်မှာ စာရေးသူက ကျေးဇူးဥကာတရတင်လျက်ရှိကြောင်းဖော်ပြလိုပါသည်။ Adams St Protestant Reformed Christian School ဆရာများ၊ the synodical Catechism Book Committee, နှင့် the synodical Reviewing Committee များသည် ဤစာအုပ်ထုတ်ဝေရာတွင် အကြံပေးခြင်း၊ စာမူများဖတ်ရှုပေးခြင်းအားဖြင့်ပါဝင်ကူညီပေးကြသောကြောင့် အထူးတလည်ကျေးဇူးတင်ကြောင်း နှလုံးသားထဲမှဖော်ပြပါရစေ။

ဘုရားသခင်သည် ဤစာအုပ်အား သူ၏ဘုန်းနာမတော်အတွက်နှင့် ကျွန်ုပ်တို့၏သားသမီးဘဝတည်ဆောက်ပေးရန်အတွက် အသုံးပြုပါစေသော်။

-Rev H Veldman

ဤစာအုပ်ငယ်(၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ) တည်းဖြတ်ခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း အမေရိကနိုင်ငံ PRC ၌အသုံးပြုခဲ့သောစာအုပ်မှ တည်းဖြတ်ထားခြင်းဖြစ်သည်။ စာတည်းဖြတ်ခြင်းနှင့်စာမူ များပြန်လည်းဖတ်ရှုခြင်းပြုလုပ်သောအခါ စာစီမှားယွင်းမှုနှင့်အခြားမှားယွင်းမှုများကို ဖယ်ထုတ်လိုက်ပါသည်။ ကလေးငယ်များက အကြောင်းအရာအပေါ် စိတ်ရှုပ်ထွေးမှုမရှိစေရန်အတွက်မေးခွန်းများနှင့်အဖြေများအချို့တို့ကိုပြုပြင်ထားပါသည်။ ကျမ်းစာအခြေပြုခြင်း သို့မဟုတ် ကျမ်းစာနှင့်ညှိနှိုင်းရန်အားနည်း ချက်ရှိသောမေးခွန်းများနှင့်အဖြေများအား ပို၍အသုံးဝင်သောစကားလုံးများဖြင့် အစားထိုးလဲလှယ်ထားပါသည်။ Pastor David Higgs မှတည်းဖြတ်ခြင်းပြုလုပ်ပေးခဲ့ပြီး၊ မေးခွန်းများအပေါ် ကောင်းမွန်ကြောင်း အပြည့်အဝထောက်ခံခဲ့ပါသည်။ ဆာလံကျမ်းကို အလွတ်မရသေးသောသူများအတွက် (Scottist Psalter) မှအလွတ်ကျက်ရန် ကျမ်းချက်များကိုလည်း ထည့်သွင်းပေးထားသည်။

ဤစာအုပ်သည် သမ္မာကျမ်းစာ သမိုင်း အမေးအဖြေ၏ တတိယအတွဲဖြစ်သည်။ ကလေးငယ်များ၏အရည်အချင်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဤစာအုပ်ကများစွာတိုးတက်စေခြင်းကိုမိဘများက မြင်တွေ့ပါလိမ့်မည်။ သို့သော်လည်း အချို့သောကလေးများက မေးခွန်းဆယ်ခုနှင့်ရွှေကျမ်းချက်များထက်ပို၍များ ပြားသောသင်ခန်းစာများ သိရှိနိုင်သည်။ ကလေးများကျက်မှတ်နိုင်သောဉာဏ်ရည်ထက်မြက်ပါက သူတို့သည် အခြားအဆင့်တစ်ခုဖြစ်သော Westminster Shorter Catechism များပြန်လည်အလွတ်ကျက်မှတ်ခြင်းအချိန်ယူရန် အုပ်ထိန်းသူမိဘများအား ကျွန်တော်တိုက်တွန်းလိုပါသည်။ သမ္မာကျမ်းစာဖော်ပြချက်အရ ကလေးငယ်များကိုသမ္မာတရားသိရှိအမြစ်တွယ်ရန်အတွက် ကျွန်ုပ်တို့၏ကြိုးပမ်းမှုအပေါ် ဘုရားသခင်ကောင်းချီးပေးပါစေ။

- Ps J J Lim, 2011

## သင်ခန်းစာ (၁)
## ဗတ္တိဇံဆရာယောဟန်မွေးဖွားခြင်း
### လုကာ ၁

၁။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းနှင့်မည်ကဲ့သို့ကွဲပြားခြားနားမှုရှိသနည်း။
ဓမ္မသစ်ကျမ်းထဲတွင် သခင်ယေရှုခရစ်တော်အားဖြင့် ကတိတော်ပြီးပြည့်စုံခြင်းအကြောင်းဖော်ပြထားသည်(ဟေဗြဲ၊ ၁း၁-၂)။

၂။ ကတိတော်ဟူသည်မှာ အဘယ်နည်း။
ဘုရားသခင်သည် သူ၏လူများကို ခရစ်တော်အားဖြင့် ကယ်တင်ရန်နှင့်လှပသောကောင်း ကင်နိုင်ငံတော်သို့ပို့ဆောင်ရန်အတွက်ဘုရားသခင်ကျိန်ဆိုချက်ဖြစ်သည်(ဟေဗြဲ၊ ၆း၁၃-၂၀၊ ၉း၁-၂၈)။

၃။ ဓမ္မဟောင်းကျမ်းကိုရေးသားသောနောက်ဆုံးပရောဖက်သည်မည်သူဖြစ်သနည်း။
ယောဟန်မွေးဖွားလာခြင်းကဖော်ပြသော မာလခိဖြစ်သည်(မာလ ၃း၁၊၄း၅)။

၄။ မာလခိနှင့်ယေရှုကြွလာသည့်အထိနှစ်ပေါင်း ၄၀၀ အတွင်းမည်သည့်အကျင့်မျိုးရှိခဲ့သနည်း။
ယုဒလူမျိုးများသည် ဘုရားသခင်ကို စိတ်နှလုံးမှမကိုးကွယ်ဘဲ ဘာသာတရားထုံးတမ်းစဉ်လာအရသာကိုးကွယ်ခဲ့ကြသည်(မာကု၊ ၁း၂၀-၂၂)။

၅။ ထိုနှစ်ပေါင်း ၄၀၀ အတွင်း မည်သည့်ဘာသာတရားများပေါ်ပေါက်ခဲ့သနည်း။
ကိုယ်ကျင့်တရားကောင်းမွန်ခြင်းကိုသာဦးစားပေးသောဖာရိရှဲများနှင့် ခရစ်တော်၏ထမြောက်ခြင်းကို မယုံကြည်သောဇဒ္ဒုကဲများကဲ့သို့သော ဘာသာရေးပါတီများစွာပေါ်ပေါက်လာခဲ့သည်(မဿဲ၃း၅-၇၊ ၁၂း၁-၁၄၊ ၂၂း၂၃-၃၂)။

၆။ ထိုအချိန်တွင် ယုဒလူမျိုးများ၏နိုင်ငံရေးသမိုင်းသည် မည်သည့်အရာဖြစ်သနည်း။
မက်ကဘီ(စ)(Maccabees)အုပ်ချုပ်သည့်တိုတောင်းသောအချိန်ကလွဲ၍ ယုဒနိုင်ငံသည် တိုင်းတပါးများ၏အုပ်ချုပ်မှုအောက်တွင်နေခဲ့ရသည်။

၇။ ဣသရေလနိုင်ငံတွင်နေထိုင်သောသူအားလုံးက ဖာရိရှဲများနှင့်ဇဒ္ဒုကဲများ၏နောက်သို့လိုက်ခဲ့ကြသလော။
မလိုက်ခဲ့ကြပါ။ ကြွင်းကျန်သောသူများက ကတိတော်နှင့်စပ်ဆိုင်သောမေရှိယကြွလာခြင်းအတွက် မရပ်မနားဆုတောင်းခဲ့ကြသည် (လုကာ၊ ၂း၂၅-၃၆)။

၈။ ဗတ္တိဇံဆရာယောဟန်ဖွားမြင်ခြင်းကို မည်သူက ကြေငြာခဲ့သနည်း။
ဇာခရိထံကောင်းကင်တမန်ဂါဗြေလက ကြေငြာခဲ့သည်(လုကာ၊ ၁း၁၅-၂၀)။

၉။ ယောဟန်အကြောင်းနှင့်ပတ်သက်ပြီးဇာခရိထံကောင်းကင်တမန်ကမည်သည့်ရာကိုဖွင့်ပြောခဲ့သနည်း။
သူသည် ဣသရေလလူမျိုးများကိုနောင်တရရန်ခေါ်ဖိတ်သောနာဇရိ ပရောဖက်ဖြစ်လိမ့်မည်ဟု ဖွင့်ပြောခဲ့သည်(လုကာ၊ ၁း၁၅-၂၀)။

၁၀။ ဇာခရိသည် ကောင်းကင်တမန်ပြောသောစကားကိုမယုံကြည်သောအခါ သူ့အပေါ်မှာ မည်သည့်အဆိုးကိုဖြစ်ပျက်ခဲ့သနည်း။
သူသည် မယုံကြည်မှုကြောင့် စကားမပြောနိုင်ဘဲ၊အလျက်နေခဲ့သည် (လုကာ၊ ၁း၂၀၊ ၆၂-၆၄)။

*ထပ်မံဖြည့်စွက်ထားသောရွေကျမ်းချက်များ-* ရောမ ၈း၁-၂၊

၁- ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့်ယေရှုခရစ်၌တည်၍၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည်အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။

၂- ယေရှုခရစ်၌တည်၍အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည်အပြစ်တရား၏လက်မှ၄င်း၊ သေခြင်းတရား၏လက်မှ၄င်း ငါ့ကိုကယ်လွှတ်ပြီ။



## သင်ခန်းစာ (၂)
## သခင်ယေရှုဖွားမြင်တော်မူခြင်း
### မ၊ ၂ နှင့် လုကာ၊၂

၁။ သခင်ယေရှုသည် မည်သည့်အချိန်တွင် မွေးဖွားလာခဲ့သနည်း။
အချိန်ကာလစေ့သောအခါ သူ မွေးဖွားလာခဲ့သည်(ဂ၊ ၄း၄)။

၂။ "အချိန်ကာလစေ့သောအခါ"ဟူသောစကားသည် မည်သည့်အရာကိုဆိုလိုသနည်း။
ဘုရားသခင်သည်ကယ်တင်ရှင်ကြွလာရန်အတွက်အရာခပ်သိမ်းပြင်ဆင်ပြီးခဲ့သောအချိန်ကာလကို ဆိုလိုသည် (က၊ ၄၉း၁၀၊ ဒံ၊ ၉း၂၄-၂၆၊ မာ၊ ၃း၁၊ မာ၊ ၁း၁၅)။

၃။ သခင်ယေရှု၏မွေးဖွားခြင်းသတင်းကို မည်သူက ကြေငြာခဲ့သနည်း။
ကောင်းကင်တမန် ဂါဗြေလက ကြေငြာခဲ့သည် (လုကာ၊ ၁း၂၆-၃၈)။

၄။ ယောသပ်နှင့်မာရိတို့သည် အဘယ်ကြောင့် ဗက်လင်မြို့သို့သွားခဲ့ကြသနည်း။
ကဲသာဘုရင်ဩဂုတ္တုသည် သန်းခေါင်းစရင်းကောက်ရန်အမိန့်ရှိသောကြောင့်ဖြစ်သည်(လု၊ ၂း၁-၆)။

၅။ ကဲသာဘုရင်ဩဂုတ္တုအမိန့်အားဖြင့် ဘုရားသခင်သည် မည်သည့်ရည်ရွယ်ချက်ရှိခဲ့သနည်း။
သခင်ယေရှုသည် ဒါဝိဒ်၏မြို့၊ ဗက်လင်မြို့တွင် မွေးဖွားမည်ဟု မိက္ခာဟောခဲ့သည့်အတိုင်း မွေးဖွားရန်ယောသပ်နှင့်မာရိတို့သည် ထိုနေရာသို့သွားခဲ့ခြင်းဖြစ်သည်(မိ၊ ၅း၂၊ မဿဲ ၂း၅)။

၆။ သခင်ယေရှုသည် အဘယ်ကြောင့် နွားစားခွက်ထဲတွင် ဖွားမြင်ခြင်းခံခဲ့ရသနည်း။
တဲခိုခန်းထဲတွင် နေရာအခန်းမရှိသောကြောင့်ဖြစ်သည် (လုကာ၊ ၂း၇)။

၇။ နွားစားခွက်ထဲတွင် သခင်ယေရှုဖွားမြင်ခြင်းသည် ဝိညာဉ်ရေးရာနှင့်ပတ်သက်သောအဓိပ္ပါယ်ရှိသလော။
လူသားများ၏နှလုံးသားထဲတွင် ဘုရားသခင်အတွက်နေရာအခန်းမရှိခြင်းကိုဆိုလိုသည် (ယောဟန် ၁၉း၁၂-၁၆)။

၈။ သခင်ယေရှုသည် အဘယ်ကြောင့် နုံခြာသောဘဝ ဖွားမြင်ခဲ့သနည်း။
ကျွန်ုပ်တို့သည်ချမ်းသာကြွယ်ဝမည့်အကြောင်းဖြစ်သည် (၂ကော၊ ၈း၉)။

၉။ သခင်ယေရှု၏နာမည်နှင့်ပတ်သက်၍ကောင်းကင်တမန်က ယောသပ်အားမည်ကဲ့သို့ညွှန်ကြားခဲ့သနည်း။
"ထိုသားသည် မိမိလူတို့ကို အပြစ်မှကယ်ချွတ်မည်သူဖြစ်သောကြောင့်၊ ယေရှုဟူသောအမည်ဖြင့်မှည့်ရမည်"ဟု ကောင်းကင်တမန်ဆို၏ (မဿဲ၊ ၁း၂၁)။

၁၀။ သခင်ယေရှုသည် လူသားအားလုံး၏ကယ်တင်ရှင်ဖြစ်သလော။
သူသည် လူသားအားလုံး၏ကယ်တင်ရှင်ဖြစ်သည်(တမန်၊ ၂း၃၉၊ ရောမ၊ ၈း၂၈-၃၉၊ ဧဖက်၊ ၁း၁-၁၃၊ ၂း၁-၂၂၊ ၂ပေ၊ ၃း၉၊ ရောမ၊ ၉း၆-၃)။

*ထပ်မံဖြည့်စွက်ထားသောရွေကျမ်းချက်များ-* ရောမ ၈း၃-၄၊

၃- ဇာတိပကတိကြောင့်ပညတ်တရားသည်အားနည်း၍မဘတ်နိုင်သောအမှုကို ဘုရားသခင်ပြုတော်မူခြင်းငှါ၊ အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သောမိမိသားတော်ကိုစေလွှတ်တော်မူ၍၊ အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌အပြစ်ကိုဒဏ်ပေးတော်မူ၏။

၄- အကြောင်းမူကား၊ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည် တရား၌ပါသောပညတ်တို့ကို စောင့်ရှောက်မည်အကြောင်းတည်း။

## သင်ခန်းစာ (၃)
## ဗတ္တိဇံဆရာယောဟန်၏သာသနာလုပ်ငန်း
### မဿဲ ၃၊ မာကု ၁၊ လုကာ ၃ နှင့် ယောဟန် ၁

၁။ ဗတ္တိဇံဆရာယောဟန်သည် မည်သူဖြစ်သနည်း။
သခင်ယေရှုဖွားမြင်ခြင်းအကြောင်းကို ရှေ့ပြေးဟောပြောသူဖြစ်သည်(လုကာ၊၁း၇၆-၈၀)။

၂။ ယောဟန်အားဖြင့် မည်သည့်ပရောဖက်ပြုချက်ပြည့်စုံခဲ့သနည်း။
မာလခိ၊ ၃း၁- "ကြည့်ရှုလော့။ ငါသွားရာလမ်းကိုပြင်ရသောငါ၏တမန်ကို ငါစေလွှတ်မည်။"

၃။ ရှင်ယောဟန်၏လုပ်ငန်းတာဝန်မှာ မည်သည့်အရာဖြစ်သနည်း။
သခင်ယေရှုကြွလာခြင်းအတွက်ပြင်ဆင်ရန် ဣသရေလလူမျိုးများအားသတိပေးခြင်းဖြစ်သည် (မဿဲ ၃း၁-၃)။

၄။ ယောဟန်သည် သူ၏လုပ်ငန်းလုပ်ဆောင်ရန် မည်ကဲ့သို့ပြင်ဆင်ခဲ့သနည်း။
ဘုရားသခင်က သူ့ကိုသဲကန္တာရတောထဲတွင် သွန်သင်ခဲ့ပြီး လုပ်ငန်းထမ်းဆောင်ရန်သူ့ကိုခေါ်ဖိတ်ခဲ့သည်(လုကာ၊ ၁း၇၆၊ ၈၀၊ ၃း၂)။

၅။ ယောဟန်သည် သဲကန္တာရ၌ အဘယ်ကြောင့်ပင်ပန်းခက်ခဲစွာတရားဟောခဲ့ရသနည်း။
လူသေများအတွက် ဗိမာန်တော်၌ကိုးကွယ်ခြင်းလုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်ခဲ့သောကြောင့်ဖြစ်သည်(မဿဲ၊ ၃း၁-၁၃၊ ဟေရှာ၊ ၄၀း၁-၃၊ မာလ၊ ၁း၆-၁၄)။

၆။ ယောဟန်သည် မည်သည့်အကြောင်းအရာကိုအဓိကဟောပြောခဲ့သနည်း။
ကောင်းကင်နိုင်ငံတည်လုနီးပြီဖြစ်သောကြောင့် နောင်တရကြလောဟု လူတွေထံသူဟောပြောခဲ့သည်(မဿဲ၊ ၃း၂)။

၇။ ယောဟန်သည် အဘယ်ကြောင့်ကောင်းကင်နိုင်ငံတော်အကြောင်းကိုအဓိကဟောပြောခဲ့သနည်း။
လူတွေက လောကနိုင်ငံတော်ကိုမျှော်လင့်ခဲ့သောကြောင့်ဖြစ်သည်(ယောဟန်၊ ၆း၁၅)။

၈။ ယုဒခေါင်းဆောင်များကယောဟန်ထံမည်သူဖြစ်ကြောင်းကိုမေးမြန်းသောအခါ သူသည် မည်ကဲ့သို့ဖြေကြားခဲ့သနည်း။
"ထာဝရဘုရား၏လမ်းခရီးတော်ကိုဖြောင့်စေကြလော့ဟုတော၌ဟစ်ကြော်သော သူ၏အသံဖြစ်သည်" (ယောဟန်၊ ၁း၁၉-၂၇)။

၉။ ယောဟန်သည် ခရစ်တော်ဖြစ်သည်ဟု လူတွေက ယူဆခဲ့ကြသောအခါ သူကမည်သည့်အဖြေကိုပြောခဲ့သနည်း။
သူထက်သာ၍ကြီးမြတ်သောသူလာပြီး၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်၄င်း၊ မီးနှင့်၄င်း ဗတ္တိဇံပေးလိမ့်မည်ဟုပြောခဲ့သည်(မဿဲ၊ ၃း၁၁၊ လုကာ၊ ၃း၁၆၊ ယောဟန်၊ ၁း၃၃)။

၁၀။ ယောဟန်သာသနာလုပ်ငန်းတွင် သူလုပ်ခဲ့သောအရေးကြီးသောအချက်သည်မည်သည့်အရာဖြစ်သနည်း။
သူက သခင်ယေရှုကို လက်ညှိုးထိုးပြပြီး "လောကအပြစ်ကိုယူဆောင်သွားသောဘုရားသခင်၏သိုးသူငယ်"ဟု ကြွေးကြော်ခဲ့သည် (ယောဟန်၊ ၁း၂၉)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ ၈း၅၊

၅- ဇာတိပကတိရှိသောသူတို့သည် ဇာတိပကတိနှင့်စပ်ဆိုင်သောအရာတို့ကိုစွဲလမ်းသောသဘောရှိကြ၏။ဝိညာဉ်ပကတိရှိသောသူမူကား၊ ဝိညာဉ်ပကတိတို့နှင့်စပ်ဆိုင်သောအရာတို့ကိုစွဲလမ်းသောစိတ်သဘောရှိ၏။



## သင်ခန်းစာ (၄)
## သခင်ယေရှု၏နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့်စုံစမ်းနှောင့်ယှက်ခြင်းခံခြင်း
### မဿဲ ၃-၄၊ မာကု ၁၊ နှင့် လုကာ ၃၃-၄

၁။ သခင်ယေရှု၏သာသနာလုပ်ငန်းအစပိုင်းတွင် မည်သည့်မှတ်သားဖွယ်အဖြစ်အပျက်ပေါ်ပေါက်ခဲ့သနည်း။
ယောဒန်မြစ်ထဲတွင် ယောဟန်သည် သူ့ကို နှစ်ခြင်းပေးခဲ့သည်(မဿဲ၊ ၃း၁၃-၁၇)။

၂။ သခင်ယေရှုသည် နှစ်ခြင်းခံရန် အဘယ်ကြောင့် ယောဟန်ထံသို့လာခဲ့သနည်း။
ဘုရားသခင်တောင်းဆိုသမျှသောအရာများပြည့်စုံရန်၊ နှင့် "သူသည်နှစ်ခြင်းမင်္ဂလာကိုသန့်ရှင်းစေကာကျွန်ုပ်တို့သည်လည်းနှစ်ခြင်းမင်္ဂလာခံယူခြင်းကျင့်ထုံးကိုပေးအပ် ရန်"အတွက်ဖြစ်သည် (မဿဲ၊ ၃း၁၅)။

၃။ သခင်ယေရှုသည်အပြစ်မရှိသော်လည်း အဘယ်ကြောင့်နှစ်ခြင်းခံယူရန် လိုအပ်သနည်း။
သခင်ယေရှု၏နှစ်ခြင်းခံယူခြင်းသည် အပြစ်လွှတ်ခြင်းအခွင့်ရရှိရန်အတွက်မဟုတ်ဘဲ၊ ခမည်းတော်ပေးအပ်ခဲ့သောလုပ်ငန်းတာဝန်ထမ်းဆောင်ရန် ဆက်ကပ်ထားခြင်းသာဖြစ်သည်(မာကု၊ ၁း၄)။

၄။ သခင်ယေရှုနှစ်ခြင်းခံယူခြင်းသည် ဆက်ကပ်ခြင်းဖြစ်သည်ဟုကျွန်ုပ်တို့သည် မည်ကဲ့သို့သိနိုင်သနည်း။
ဓမ္မဟောင်းကျမ်းရှိယဇ်ပရောဟိတ်များသည် ယဇ်ပရောဟိတ်အမှုကိုဆောင်ရွက်ရန် အသက်သုံးဆယ်စေ့သောအခါ ရေဖျန်းခြင်းခံခဲ့ရသကဲ့သို့ သခင်ယေရှုသည်လည်း အမှုတော်ဆောင်ရန် ယောဟန်ကနှစ်ခြင်းပေးခဲ့သည်(လုကာ၊ ၃း၂၃၊ တော၊ ၄း၃၊၈း၆-၇၊ လုကာ၊ ၂၀း၁-၃)။

၅။ သခင်ယေရှုနှစ်ခြင်းခံခဲ့ပြီးနောက်မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းခံရန် ဝိညာဉ်တော်သည် သူ့အားတောထဲသို့ပို့ဆောင်ခဲ့သည်(မဿဲ၊ ၄း၁)။

၆။ စုံစမ်းနှောင့်ယှက်ခြင်း၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
သခင်ယေရှုသည် စာတန်နှင့်စစ်ပွဲဆင်နွှဲခြင်းအစဖြစ်သည်။

၇။ စာတန်သည် သခင်ယေရှုအားမည်သည့်အရာကိုပြုလုပ်စေလိုခဲ့သနည်း။
ဘုရားသခင်၏စကားတော်ငြင်းပယ်ရန် စာတန်သည်အလိုရှိခဲ့သည် (မ၊ ၄း၂-၃၊၆၊၈-၉)။

၈။ စာတန်သည် သခင်ယေရှုကို မည်သည့်အရာအားဖြင့် တုန့်ပြန်ခဲ့သနည်း။
သူက ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်တုန့်ပြန်ခဲ့သည် (မ၊ ၄း၄၊ ၇၊ ၁၀)။

၉။ သခင်ယေရှု၏စုံစမ်းနှောင့်ယှက်ခြင်းအောင်မြင်မှုသည် မည်သည့်အရာကို ညွှန်ပြသနည်း။
သူသည် အောင်မြင်သူနှင့်စာတန်၏တန်ခိုးတော်အားလုံးကို အမှန်အကန်ဖျက်ဆီးခဲ့သည်(မ၊ ၄း၁၀-၁၁)။

၁၀။ စာတန်နှင့်စစ်ပွဲဆင်နွှဲသောအခါ ဤစုံစမ်းခြင်းများက ကျွန်ုပ်တို့အားမည်သည့်အရာကိုသွန်သင်သနည်း။
ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းအားဖြင့်သာလျှင် စုံစမ်းနှောင့်ယှက်ခြင်းများကိုအောင်မြင်နိုင်သည်(လုကာ၊ ၂၂း၄၀၊ ဆာလံ၊ ၇၃၊ ဗျာဒိတ်၊၁၂း၁၀-၁၁)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ ၈း၆-၇၊

၆- ဇာတိပကတိစိတ်သဘောသည်သေခြင်းအကြောင်းဖြစ်၏။ ဝိညာဉ်ပကတိစိတ်သဘောသည်အသက်ရှင်ခြင်းအကြောင်းနှင့်ငြိမ်သက်ခြင်းအကြောင်းဖြစ်၏။

၇- အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။ဘုရားသခင်၏တရားတော်အလိုသို့မလိုက်တတ်။ ထိုမျှမကမလိုက်နိုင်။

## သင်ခန်းစာ (၅)
## ယုဒပြည်နှင့်ရှမာရိမြို့၌ သခင်ယေရှု၏သာသနာလုပ်ငန်း
## ယောဟန် ၂–၄

၁။ သခင်ယေရှု၏ပထမဦးဆုံးပြုလုပ်သောနိမိတ်လက္ခဏာသည်မည်သည့်အရာဖြစ်သနည်း။
ဂါလိလဲပြည်ကာနမြို့၌ရေကိုစပျစ်ရည်ဖြစ်စေခြင်းဖြစ်သည်(ယောဟန်၊ ၂း၁-၁၁)။
၂။ နိမိတ်လက္ခဏာများဟူသည် အဘယ်နည်း။
နိမိတ်လက္ခဏာများဆိုသည်မှာ သဘာဝတရားနှင့်ဆိုင်သောနိယာမအားဖြင့်ဖော်ထုတ်၍မရသောဘုရားသခင်၏တန်ခိုးကြီးသောလုပ်ဆောင်ချက်များဖြစ်သည်။
၃။ သခင်ယေရှု၏နိမိတ်လက္ခဏာများသည် မည်သည့်အရာကို ထင်ရှားစေသနည်း။
သခင်ယေရှုသည်ခရစ်တော်၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကို ထင်ရှားစေသည်(ယော၊ ၂း၁၁)။
၄။ သခင်ယေရှုသည် သသာနာလုပ်ငန်းကို မည်သည့်နေရာတွင်အစပြုခဲ့သနည်း။
ယုဒပြည်တွင်အစပြုခဲ့သည် (ယောဟန်၊၂း၁၃၊၃း၂၂-၂၃၊ ၄း၁-၃၊ မ၊ ၄း၁၂)။
၅။ သခင်ယေရှုသည် ယေရုရှလင်မြို့ဗိမာန်တော်တွင်မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
အရောင်းအဝယ်ပြုလုပ်သောသူများကို ဗိမာန်တော်မှနှင်ထုတ်ခဲ့သည်(ယောဟန်၊ ၂း၁၃-၁၇)။
၆။ သခင်ယေရှုသည် မိမိအခွင့်အာဏာကို ပြသရန် မည်သည့်နိမိတ်လက္ခဏာကိုယုဒလူများအားပေးခဲ့သနည်း။
"ဤဗိမာန်တော်ကိုဖြိုဖျက်လော့။ သုံးရက်အတွင်းတွင်ငါတည်ဆောက်မည်"(ယောဟန်၊ ၂း၁၉(၁))။
၇။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်ရန်မည်သည့်အရာသည်မရှိမဖြစ်လိုအပ်သည်ဟု သခင်ယေရှုက နိကောဒင်ထံပြောပြခဲ့သနည်း။
ဒုတိယအကြိမ်မွေးဖွားခြင်း-"ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရ" (ယောဟန်၊ ၃း၃)။
၈။ သခင်ယေရှုသည် ရှမာရိမိန်းမထံ မည်သည့်အရာသည်အဓိကဖွင့်ပြောခဲ့သနည်း။
သူသည်ခရစ်တော်၊အသက်စမ်းရေဖြစ်သည်ဟု ဖွင့်ပြောခဲ့သည် (ယောဟန်၊ ၄း၄)။
၉။ ရှမာရိလူများကြားတွင်သခင်ယေရှု၏လုပ်ဆောင်ခြင်းကြောင့်မည်သည့်အကျိုးကျေးဇူးဖြစ်ထွန်း ခဲ့သနည်း။
ရှမာရိလူများသည် သူ့ကိုယုံကြည်ခဲ့ကြသည် (ယောဟန်၊ ၄း၄၂)။
၁၀။ ရှမာရိလူများ၏ယုံကြည်မှုသည် မည်သည့်အရာကို ညွှန်ပြခဲ့သနည်း။
သခင်ယေရှုကိုယုဒလူမျိုးများကငြင်းပယ်ခဲ့ကြသော်လည်းတပါးအမျိုးသားများကလက်ခံခဲ့ကြမည့်အကြောင်း ညွှန်ပြလိုခြင်းဖြစ်သည်(ယောဟန်၊ ၄း၉၊ ၂၇၊ ၃၅-၃၈၊ မဿဲ၊ ၂၈း၁၉-၂၀)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ ၈း၈-၉၊

၈- ထိုကြောင့်ဇာတိပကတိ၌ကျင်လည်သောသူတို့သည်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ကြ။
၉- သို့သော်လည်းဘုရားသခင်၏ဝိညာဉ်တော်သည်သင်တို့အထဲ၌ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ရှိကြသည်မဟုတ်။ဝိညာဉ်ပကတိဘက်၌ရှိကြ၏။ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကားခရစ်တော်နှင့်မဆိုင်။



## သင်ခန်းစာ (၆)
## သခင်ယေရှုဂါလိလဲပြည်သို့ပထမအကြိမ်သွားရောက်ခြင်း

၁။ နာဇရက်မြို့ တရားစရပ်တွင် သခင်ယေရှုသည် မည်သည့်အရာကိုသွန်သင်ခဲ့သနည်း။
သူသည်ဟေရှာယဟောပြောသောဘုရားသခင်၏ဘိသိက်ခံသူဖြစ်သည်ဟုသွန်သင်ခဲ့သည်(လုကာ ၄း၁၆-၃၀)။
၂။ နာဇရက်မြို့သူမြို့သူ/သားများသည် သခင်ယေရှု၏ဒေသနာကို ယုံကြည်ခဲ့ကြသလော။
သူတို့သည် သခင်ယေရှုကိုပုန်ကန်ခဲ့ကြပြီး သတ်ရန်ကြိုးပမ်းခဲ့ကြသည် (လုကာ၊ ၄း၂၉)။
၃။ နာဇရက်မြို့တွင် သခင်ယေရှုကို မည်သူတွေကငြင်းပယ်ခဲ့ကြသနည်း။
သူ၏ဆွေမျိုးများက သူ့ကိုကိုငြင်းပယ်ခဲ့ကြသည်(ယောဟန်၊ ၁း၁၁)။
၄။ သခင်ယေရှုသည် နာဇရက်မြို့မှ မည်သည့်နေရာသို့သွားရောက်ခဲ့သနည်း။
ကာပေရနောင်မြို့သို့သွားရောက်ခဲ့သည် (မဿဲ၊ ၄း၁၃)။
၅။ ကာပေရနောင်မြို့တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူသည် အနာရောဂါငြိမ်းစေပြီး နတ်ဆိုးများကိုနှင်ထုတ်ခဲ့သည် (လုကာ၊ ၄း၄၀-၄၁)။
၆။ ဂါလိလဲပင်လယ်တွင် သခင်ယေရှုသည် မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ငါးများစွာဖမ်းခြင်း နိမိတ်လက္ခဏာကို ပေးခဲ့ပြီးနောက် သူ၏တပည့်တော်များကိုလည်း တံငါသည်များ ဖြစ်ကြရန် ခေါ်ဖိတ်ခဲ့သည် (လုကာ၊ ၅း၁-၁၁)။
၇။ ငါးဖမ်းခြင်းနိမိတ်လက္ခဏာ၏အဓိပ္ပါယ်သည် မည်သည့်အရာဖြစ်သနည်း။
ဘုရားသခင်၏သားတော်သည် မိမိဝိညာဉ်တော်နှင့်နှုတ်ကပတ်တော်အားဖြင့် သူ၏အသင်းတော်ကို သိမ်းဆည်းမည့်အကြောင်းဖြစ်သည် (လုကာ၊ ၅း၁၀၊ ရောမ၊ ၁၀း၁၄၊ ၂ သက်၊ ၂း၁၃-၁၄)။
၈။ သခင်ယေရှုသည် အဘယ်ကြောင့်လက်သေလူတစ်ယောက်ကို ကျန်းမာစေခဲ့သနည်း။
ဘုရားသခင်၏သားတော်သည် လောကမှာအပြစ်များလွှတ်ခြင်းတန်ခိုးရှိကြောင်းထင်ရှားစေလိုခြင်းဖြစ်သည်(လုကာ၊ ၅း၁၈-၂၆)။
၉။ ဖါရိရှဲများသည် မည်သူတွေများဖြစ်ကြသနည်း။
ပညတ်တော်လိုက်လျှောက်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန်ကြိုးစားသောအဖွဲ့ဖြစ်သည်(ယောဟန်၊ ၉း၄၀-၁၀း၁၈၊ မဿဲ၊ ၅း၂၀)။
၁၀။ ဖြောင့်မတ်ခြင်းရရှိရန် မိမိကိုယ်ကိုအားကိုးသောသူများအား သခင်ယေရှုက မည်သည့်အရာပြောခဲ့သနည်း။
"ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါငါသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါငါလာသတည်း" (မာကု၊၂း၁၇)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၀

၁၀-ခရစ်တော်သည် သင်တို့အထဲ၌ရှိတော်မူလျှင် ကိုယ်ကာယသည်အပြစ်ကြောင့်အသေဖြစ်သော်လည်းဝိညာဉ်မူကားဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက်ရှိ၏။

## သင်ခန်းစာ (၇)
## ဥပုသ်နေ့အကြောင်းအငြင်းပွားမှုနှင့် တောင်ပေါ်ဒေသနာတော်
## မဿဲ ၅–၇၊ မာကု ၂ နှင့် ယောဟန် ၅

၁။ ဗေသေသဒရေကန်၌ သခင်ယေရှုလူတစ်ယောက်ကျန်းမာစေခြင်း၏အရေးပါးမှုသည် မည်သည့်အရာဖြစ်သနည်း။
သူက ဥပုဉ်နေ့တွင် သူ့ကို ကျန်းမာစေခဲ့သည် (ယောဟန်၊ ၅း၉)။

၂။ ဥပုသ်နေ့တွင် လူတစ်ယောက်အား ကျန်းမာစေခြင်းအတွက် သခင်ယေရှု၏ရည်ရွယ်ချက်မှာ မည်သည့်အရာဖြစ်သနည်း။
စစ်မှန်သောဥပုသ်နေ့စောင့်ထိန်းခြင်း၏အဓိပ္ပါယ်ကို ဖွင့်ပြရန်အတွက်ဖြစ်သည်(ယောဟန်၊ ၅း၁၆-၂၆)။

၃။ သခင်ယေရှုသည် ယုဒလူမျိုးများကဲ့သို့ ဥပုသ်စောင့်ခဲ့သလော။
ဘုရားသခင်၏အလုပ်များကိုပြုလုပ်ခြင်းအားဖြင့် သူသည်ဥပုသ်စောင့်ခဲ့သည်(ယောဟန်၊ ၅း၁၆-၂၃)။

၄။ ယုဒလူများက အဘယ်ကြောင့် သခင်ယေရှုကို မုန်းပြီးဆန့်ကျင်ခဲ့ကြသနည်း။
သူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းကိုငှင်း၊ သူသည် မိမိကိုယ်ကို ဘုရားသခင်နှင့်တူသည်ကို ငှင်းပြောခဲ့သောကြောင့်ဖြစ်သည်(ယောဟန်၊ ၅း၁၈)။

၅။ သခင်ယေရှုသည် မည်သူတွေကို ရွေးကောက်ခဲ့သနည်း။
တပည့်တော်ဆယ်နှစ်ပါးကိုရွေးကောက်ခဲ့သည် (လုကာ၊ ၆း၁၂-၁၆)။

၆။ ဂါလိလဲပြည်ပထမခရီးစဉ်အဆုံးပိုင်းတွင် သခင်ယေရှုသည် မည်သည့်ညွှန်ကြားချက်ကိုပေးခဲ့သနည်း။
တောင်ပေါ်ဒေသနာထဲတွင် ကောင်းကင်နိုင်ငံတော်အကြောင်းကို သူကပြောကြားခဲ့သည်(မ၊ ၅-၇)။

၇။ တောင်ပေါ်ဒေသနာ၏အဓိကအကြောင်းသည် မည်သည့်အရာဖြစ်သနည်း။
ဘုရားသခင်၏နိုင်ငံတော်သည် ဝိညာဉ်တော်နှင့်ဆိုင်သောကောင်းကင်နိုင်ငံဖြစ်သည် (မ၊ ၅း၃-၂၀)။

၈။ ဤဒေသနာတွင် သခင်ယေရှုသည် မည်သည့်အကြောင်းအရာကိုရှေ့ဦးစွာဟောပြောခဲ့သနည်း။
ကောင်းကင်နိုင်ငံတော်၏စစ်မှန်သောနိုင်ငံသားများနှင့်သူတို့၏ခေါ်ဖိတ်ခြင်းအကြောင်းများ ဟောပြောခဲ့သည် (မ၊ ၅း၃-၁၁)။

၉။ မည်သည့်အရာသည် ကောင်းကင်နိုင်ငံတော်၏ဖြောင့်မတ်ခြင်းဖြစ်သည်ဟု သခင်ယေရှုကဟောပြောခဲ့သနည်း။
"သင်တို့ကျင့်သောအကျင့်သည် ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သောအကျင့်ထက်မလွန်မသာလျှင် သင်တို့သည် ကောင်းကင်နိုင်ငံတော်သို့ မဝင်ရကြ" (မ၊ ၅း၂၀)။

၁၀။ ကောင်းကင်နိုင်ငံတော်သားများ၏ခေါ်ဖိတ်ခြင်းသည် မည်သည့်အရာဖြစ်သနည်း။
သူတို့သည် လောကအရာများကိုမရှာဖွေဘဲ နိုင်ငံတော်နှင့်ငှင်း၏အကျိုးတရားကိုသာရှာဖွေခြင်းဖြစ်သည်(မ၊ ၆း၂၄-၃၄)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၁
၁၁-ထိုမျှမက၊ ယေရှုကို သေခြင်းမှထမြောက်စေတော်မူသောဘုရား၏ဝိညာဉ်တော်သည်သင်တို့အထဲ၌ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကိုသေခြင်းမှထမြောက်စေတောမူသောဘုရားသည် သင်တို့အထဲ၌ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သောသင်တို့၏ကိုယ်ကာယကိုပင်ရှင်စေတော်မူမည်။



## သင်ခန်းစာ (၈)
## ဂါလိလဲပြည်သို့သခင်ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်း
## လုကာ ၇း၁၉–၃၅ နှင့် ၈း၄၁–၅၆

၁။ သခင်ယေရှုသည် ခရစ်တော်ဖြစ်သလောဟု မေးမြန်းရန် အဘယ်ကြောင့်ဗတ္တိဇံဆရာယောဟန်သည် သူ၏တပည့်များကို စေလွှတ်ခဲ့သနည်း။
မေရှယကြွလာမည်ဟု သူဟောပြောသောစကားပြည့်စုံခြင်းကို သေချာစွာသိရှိလိုသောကြောင့်ဖြစ်သည် (မဿဲ၊ ၁၁း၁-၃)။

၂။ သခင်ယေရှုသည် ယောဟန်၏တပည့်များထံ မည်ကဲ့သို့ဖြေကြားခဲ့သနည်း။
သူသည် နိမိတ်လက္ခဏာများပြုခဲ့ပြီး ကတိတော်နှင့်ဆိုင်သောမေရှယဖြစ်သည်ဟု သက်သေထူသောဒေသနာများကို သူတို့ထံဟောပြောခဲ့သည် (မ၊ ၁၁း၄-၅)။

၃။ ယောဟန်၏ဒေသနာအားဖြင့်ပြောင်းလဲခြင်းမရှိ၊ ယခုလည်းပြောင်းလဲခြင်းမရှိသော ပရိသတ်များထံ သခင်ယေရှုသည် မည်သည့်အရာကိုပြောကြားခဲ့သနည်း။
သူတို့သည် အပြစ်ကြီးမားပြီး သူတို့အပေါ်တရားစီရင်ခြင်းသည်လည်း သောဒုံနှင့်ဂေါမောရမြို့များထက်ပို၍ကြီးမားလိမ့်မည်ဟု သူပြောခဲ့သည် (မ၊ ၁၁း၂၀-၂၄)။

၄။ အဘယ်ကြောင့် လူအချို့တို့သည် ယုံကြည်ခဲ့ကြပြီး၊ အချို့တို့သည် ငြင်းပယ်ခဲ့ကြသနည်း။
ကောင်းကင်နိုင်ငံတော်အရာများကို ပညာရှိသောသူများအပေါ်မဖွင့်ပြဘဲ ကလေးသူငယ်များထံဖွင့်ပြသောကြောင့်ဖြစ်သည် (မ၊ ၁၁း၂၅-၂၇)။

၅။ ပုံဥပမာများသည် မည်သည့်အရာဖြစ်သနည်း။
ပုံဥပမာများသည် ကောင်းကင်နိုင်ငံတော်၏အရာများကိုဖော်ပြပေးသော သာဓကများဖြစ်ကြသည်။ (မ၊ ၁၃း၁၀-၁၇)။

၆။ ပုံဥပမာများသည် အဘယ်ကြောင့် ကောင်းကင်နိုင်ငံတော်အကြောင်းကို ဖော်ပြပေးသနည်း။
ဘုရားသခင်သည် ကောင်းကင်နိုင်ငံတော်၏ပုံကားပန်းချီအဖြစ်လောကကိုဖန်ဆင်းထားသောကြောင့်ဖြစ်သည် (ကမ္ဘာ၊ ၁း၁၄၊ ၄၉း၉၊ ဗျာဒိတ်၊ ၅း၅၊ မာလ၊ ၄း၂၊ ဗျာဒိတ်၊ ၂၂း၁၆)။

၇။ လူသားအားလုံးသည် အဘယ်ကြောင့်ကောင်းကင်နိုင်ငံတော်အကြောင်းကို သိရှိရမည်နည်း။
မယုံကြည်သောသူများအတွက် ခွင့်လွှတ်ခြင်းမရှိ၊ ယုံကြည်သောသူများသာအပြစ်လွှတ်ခြင်းခံရသောကြောင့်ဖြစ်သည် (မ၊ ၁၃း၁၁-၁၅)။

၈။ ဤအချိန်တွင် မည်သည့်မှတ်သားဖွယ်ကောင်းသောနိမိတ်လက္ခဏာပေါ်ပေါက်ခဲ့သနည်း။
အရာရှိတစ်ယောက်၏သမီးကို သေခြင်းမှထမြောက်စေခဲ့သည် (မ၊ ၉း၂၀-၂၆၊ လုကာ၊ ၈း၄၁-၅၆)။

၉။ အရာရှိ၏သမီးသေခြင်းမှထမြောက်ခြင်းအားဖြင့် မည်သည့်အကျိုးတက်ရောက်မှုဖြစ်ထွန်းစေခဲ့သနည်း။
"ထိုသတင်းစကားသည် တပြည်လုံး၌နှံ့ပြားကျော်စောလေ၏"(မ၊ ၉း၂၆)။

၁၀။ ဂါလိလဲပြည်ဒုတိယသာသနာခရီးစဉ်သည် မည်သည့်နေရာတွင် ပြီးဆုံးခဲ့သနည်း။
နာဇရက်မြို့တွင်ပြီးဆုံးခဲ့သည် (မ၊ ၁၃-၅၃-၅၈)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၂-၁၃
၁၂-သို့ဖြစ်၍၊ ညီအစ်ကိုတို့၊ ငါတိုပသည် ဇာတိပကတိအတိုင်းကျင့်မည်အကြောင်း၊ ဇာတိပကတိ၏ကျွန်ဖြစ်ကြသည်မဟုတ်။
၁၃-သင်တို့သည် ဇာတိပကတိအတိုင်းအသက်ရှင်လျှင်သေရကြမည်။ ဝိညာဉ်တော်အားဖြင့်ကိုယ်ကာယ၏အကျင့်တို့ကိုသေစေလျှင်အသက်ရှင်ကြလိမ့်မည်။

## သင်ခန်းစာ (၉)

## ဂါလိလဲပြည်သို့သခင်ယေရှုတတိယအကြိမ်သာသနာခရီးစဉ်

## မာကု ၆း၃၅ နှင့် ယောဟန် ၆

၁။ ဂါလိလဲပြည်သို့တတိယအကြိမ်ခရီးစဉ်အစပိုင်းတွင် မည်သည့်မှတ်သားဖွယ်ရာများပေါ်ပေါက်ခဲ့သနည်း။
တပည့်တော်ဆယ်နှစ်ပါးတို့အား ဣသရေလပျောက်သောသိုးများထံသို့စေလွှတ်ခဲ့သည်(မ၊ ၁၀)။
၂။ ထိုအခါ သခင်ယေရှုသည် မည်သည့်အရာကို ပြောပြခဲ့သနည်း။
ဗတ္တိဇံဆရာယောဟန်သည် ထောင်ထဲတွင် သတ်ဖြတ်ခြင်းခံရမည်ဟုသူပြောခဲ့သည် (မ၊ ၁၄း၃-၁၂)။
၃။ ကာပေရနေ၁်မြို့အနီးတွင် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့သနည်း။
မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်တို့ဖြင့် ယောကျ်ားအယောက်ငါးထောင်ကိုကျွေးမွေးခဲ့သည်(ယော၊၆း၁-၁၃)။
၄။ လူငါးထောင်ကျွေးမွေးခြင်းနိမိတ်လက္ခဏာ၏အကျိုးတက်ရောက်မှုသည် မည်သည့်အရာဖြစ်သနည်း။
လူတွေ့က သူ့အား ရှင်ဘုရင်ဖြစ်ရန် တောင်းဆိုခဲ့ကြသည် (ယော၊ ၆း၁၅)။
၅။ သခင်ယေရှုသည် သူ့အားဘုရင်ခန့်ထားချင်သောသူများအပေါ်မည်သည့်အရာညွှန်ကြားခဲ့သနည်း။
သူသည်အသက်မုန့်ဖြစ်ကြောင်းနှင့်သူ၏နိုင်ငံတော်သည် ကောင်းကင်နိုင်ငံတော်ဖြစ်ကြောင်းပြော
ခဲ့သည် (ယော၊ ၆း၃၀-၄၀)။
၆။ လူတွေက သခင်ယေရှုအား အသက်မုန့်အဖြစ်ကြိုက်နှစ်သက်ခဲ့ကြသလော။
မနှစ်သက်ပါ။ များစွာသောလူတို့သည် နောက်သို့ပြန်လှည့်ခဲ့သည် (ယောဟန်၊ ၆း၆၆)။
၇။ လူများစွာတို့သည် သူ့ကိုငြင်းပယ်ခဲ့ကြသောကြောင့် သခင်ယေရှုသည် မည်ကဲ့သို့ရှင်းပြခဲ့သနည်း။
“ငါ့ကို စေလွှတ်တော်မူသောခမည်းတော်သည်သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှငါ့ထံသို့အလာ
နိုင်။လာသောသူကိုနောက်ဆုံးသောနေ့၌ငါထမြောက်စေမည်”(ယော၊ ၆း၄၄)။
၈။ ဤငြင်းပယ်ခြင်းခံခဲ့ရပြီးမကြာမီ သခင်ယေရှုသည် မည်သည့်နေရာသို့သွားခဲ့သနည်း။
ဂါလိလဲပြည်မှ တုရုမြို့နှင့်ဇိဒုန်မြို့သို့သွားခဲ့သည် (မ၊ ၁၅း၂၁-၂၈)။
၉။ ဇိဒုန်မြို့သို့သွားခြင်းအားဖြင့် သခင်ယေရှုသည်သူ၏တပည့်တော်များထံမည်သည့်အရာကိုသွန်သင်
ခဲ့သနည်း။
ဣသရေလလူမျိုးများသည်သူ့ကို ငြင်းပယ်ခဲ့ပြီးနောက် သူတို့ကိုတပါးအမျိုးသားများမှပြန်လည်စုရုံးခြင်း
အကြောင်းသွန်သင်ခဲ့သည် (မ၊ ၁၅း၂၈၊ ရောမ၊ ၁၁)။
၁၀။ ကဲသရိပြည်ဖိလိပ္ပိမြို့၌ပေတရုသည် မည်သည့်မှတ်ထားဖွယ်သောဝန်ခံခြင်းကိုပြုလုပ်ခဲ့သနည်း။
“ကိုယ်တော်သည်ခရစ်တော်တည်းဟူသောအသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ် တော်
မူသည်” (မဿဲ၊ ၁၆း၁၆)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၄-၁၆၊

၁၄- ဘုရားသခင်၏ဝိညာဉ်တော်ပဲ့ပြင်ဆုံးမတော်မူသမျှသောသူတို့သည်ဘုရားသခင်၏သားဖြစ်ကြ၏။
၁၅-အကြောင်းမူကား၊ သင်တို့သည် တဖန်ကြောက်ရွံ့တတ်သောကျွန်၏သဘောကိုရကြသည်မဟုတ်။
အဗ္ဗအဘဟုခေါ်ရသောအခွင့်နှင့်သားဖြစ်ခြင်း၏သဘောကိုရကြ၏။
၁၆ -ငါတို့သည် ဘုရားသခင်၏သားစြဖ်ကြသည်ဟဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ
သက်သေခံတော်မူ၏။



## သင်ခန်းစာ (၁၀)

## သခင်ယေရှု၏ပုံသဏ္ဍာန်တော်ပြောင်းလဲခြင်း

## မ ၁၆း၁၈၊ မာကု ၈–၉၊ နှင့် လုကာ ၉

၁။ ပေတရု၏ဝန်ခံခြင်းပြီးနောက် သခင်ယေရှုသည် သူ၏တပည့်တော်များထံမည်သည့်အရာကိုပြောပြခဲ့သနည်း။
ရက်စက်မှုခံကာအသေခံမည့်အကြောင်းကို သူ၏တပည့်များထံပြောပြခဲ့သည် (မ၊ ၁၆း၂၁-၂၃)။
၂။ သခင်ယေရှုပြောခဲ့သောစစ်မှန်သောတပည့်ဖြစ်ခြင်းသည် မည်သည့်အရာဖြစ်သနည်း။
လူတစ်ယောက်သည် မိမိကိုယ်ကိုငြင်းပယ်ပြီး သူ၏ကားတိုင်ကိုထမ်းက သခင်ယေရှုနောက်တော်သို့
လိုက်ခြင်းဖြစ်သည်(မဿဲ၊ ၁၆း၂၄)။
၃။ သခင်ယေရှု၏တတိယအကြိမ်ခရီးစဉ်အဆုံးပိုင်းတွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
တောင်ပေါ်တွင် သူ၏တပည့်သုံးဦးရှေ့တွင် သူသည် ပုံသဏ္ဍာန်တော်ပြောင်းလဲခဲ့သည်(မ၊၁၇း၁-၇)။
၄။ တောင်ထိပ်တွင် မောရှေနှင့်ဧလိယတို့သည် အဘယ်ကြောင့် ထင်ရှားခဲ့သနည်း။
သခင်ယေရှုအသေခံခြင်းနှင့်ထမြောက်ခြင်းကိုထင်ရှားစေခဲ့သည် (မ၊ ၁၇း၃၊ လုကာ၊ ၉း၃၀-၃၁)။
၅။ ပုံသဏ္ဍာန်တော်ပြောင်းလဲခြင်းသည် သခင်ယေရှုအတွက် မည်သည့်အကျိုးဖြစ်ထွန်းစေခဲ့သနည်း။
ရက်စက်စွာအသေခံပြီးနောက်သူခံရမည့်ဘုန်းတော်ကို မြည်းစမ်းခြင်းဖြစ်သည်(ဖိ၊၂း၆-၁၁၊ ဟေဗြဲ၊ ၁း၃)။
၆။ ပုံသဏ္ဍာတော်ပြောင်းလဲခြင်းသည် တပည့်တော်များအတွက် မည်သည့်ရည်ရွယ်ချက်ရှိခဲ့သနည်း။
သူတို့သည် ခရစ်တော်၏ဘုန်းတော်ကို ကိုယ်တွေ့မျက်မြင်အဖြစ် သက်သေခံကြသည်(၂ပေ၊၁း၆-၁၈)။
၇။ ပုံသဏ္ဍာတော်ပြောင်းလဲပြီးနောက် သခင်ယေရှုသည် မည်သည့်နေရာသို့ သွားရောက်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့သို့လျင်အမြန်သွားခဲ့သည် (လုကာ၊ ၉း၅၁)။
၈။ ယေရုရှလင်မြို့သို့ပသခါပွဲတော်ကျင်းပရန် သွားသောအခါ သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခ
ဏာကို ပြုလုပ်ခဲ့သနည်း။
အနူသည် ဆယ်ယောက်တို့ကို သန့်ရှင်းစေခဲ့သည် (လုကာ၊ ၁၇း၁၁-၁၆)။
၉။ တဲတော်ပွဲနောက်ဆုံးသောနေ့တွင် သခင်ယေရှုသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
“ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့”ဟုသူဟစ်ကြွေးခဲ့သည် (ယောဟန်၊ ၇း၃၇)။
၁၀။ ဤအချိန်တွင် ယုဒလူများက သခင်ယေရှုအပေါ်မှာ မည်သည့်စိတ်မျိုးထားရှိခဲ့ကြသနည်း။
သူတို့သည် သခင်ယေရှုအားအကြိမ်ကြိမ်သတ်ရန်ကြိုးစားခဲ့ကြသော်လည်း အချိန်မရောက်သေးသော
ကြောင့်မသတ်နိုင်ခဲ့ကြပါ (ယောဟန်၊ ၇း၃၀၊ ၈း၂၀)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၇

၁၇-သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူဘုန်းဝင်စားမည်အ
ကြောင်း၊ ထိုသခင်နှင့်အတူဆင်းရဲဒုက္ခကိုခံရလျှင်၊ ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်းဖြစ်ကြ
၏။

## သင်ခန်းစာ (၁၁)
## လာဇရုအားရှင်ပြန်ထမြောက်စေခြင်း
## ယောဟန် ၉–၁၁

၁။ သခင်ယေရှုသည် ယေရုရှလင်မြို့၌မည်သည့်နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့သနည်း။
မွေးစကတည်းကမျက်စိမမြင်သောသူကိုကျန်းမာစေခဲ့သည် (ယောဟန်၊ ၉)။
၂။ ဗိမာန်တော်၌သခင်ယေရှုသည် မိမိအကြောင်းကို မည်ကဲ့သို့ဟောပြောခဲ့သနည်း။
သိုးများကိုချစ်ပြီး သူတို့အတွက်မိမိအသက်ပေးအပ်သော သိုးထိန်းကောင်းဖြစ်ကြောင်းဟောပြောခဲ့သည် (ယော၊ ၁၀း၁-၁၅)။
၃။ ယုဒလူမျိုးများသည် အဘယ်ကြောင့် သခင်ယေရှုကို မယုံကြည်ခဲ့ကြသနည်း။
သူတို့သည် ယေရှု၏သိုးစုများမဟုတ်သောကြောင့်ဖြစ်သည်(ယောဟန်၁၀း၃၉-၄၂၊ လုကာ ၁၃း၂၂)။
၄။ ယုဒလူမျိုးများသည် သခင်ယေရှုကို သတ်ရန်ကြိုးစားကြပြီးနောက် သူသည် မည်သည့်နေရာသို့ထွက်ပြေးခဲ့သနည်း။
နေရာယောဒန်မြစ်တစ်ဘက်ကမ်း ပေရီအာမြို့သို့သွားခဲ့သည်(ယော၊၁၀း၂၉-၄၂၊ လု၊၁၃း၂၂၊ လု၊ ၁၅)။
၅။ ပေရီအာမြို့တွင် သခင်ယေရှုသွန်သင်ခဲ့သော ပုံဥပမာအချို့တို့ကိုဖော်ပြပါ။
မိုက်မဲသောသူဌေးသား၊ ပျောက်သောသိုး၊ ပျောက်သောဒင်္ဂါးပြား နှင့် ပျောက်သောသားတို့အကြောင်းဖြစ်သည် (လုကာ၊ ၁၅)။
၆။ သခင်ယေရှုသည် အဘယ်ကြောင့် ယုဒပြည်သို့ပြန်လှည့်ခဲ့သနည်း။
လာဇရုကို ထမြောက်စေရန်အတွက်ဖြစ်သည်(ယောဟန်၊ ၁၁း၁-၁၇)။
၇။ လာဇလုရှင်ပြန်ထမြောက်ခြင်းသည် အဘယ်ကြောင့် သခင်ယေရှု၏အကြီးဆုံးသောနိမိတ်လက္ခဏာဖြစ်ခဲ့သနည်း။
ယေရှုသည်မာသထံ "ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်းရှင်လိမ့်မည်"(ယော၊ ၁၁း၂၅)။
၈။ လာဇရု၏ထမြောက်ခြင်းက ယုဒလူများသည်မည်သည့်ဆိုးကျိုးကို လျှို့ဝှက်ကြံစည်ခဲ့ကြသနည်း။
ယုဒအာဏာရှင်များသည် သူ့ကို သတ်ရန် လျှို့ဝှက်ကြံစည်ခဲ့သည်(ယော၊ ၁၁း၄၆-၅၃)။
၉။ ယုဒအာဏာရှင်များ၏လျှို့ဝှက်ကြံစည်မှုအပေါ် သခင်ယေရှုက မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။
ယုဒလူများကြားထဲတွင် သိသာထင်ရှားစွာမသွားတော့ဘဲ ဧဖရိမ်မြို့တွင်နားနေခဲ့သည်(ယော၁၁း၅၄)။
၁၀။ သခင်ယေရှုသည် အဘယ်ကြောင့် ယုဒလူများမှ ပုန်းအောင်းခဲ့သနည်း
သူ၏အချိန်မရောက်သေးသောကြောင့်ဖြစ်သည်(ယော၊ ၂း၄၊ ၇း၃၀၊ ၈း၂၀၊ ၁၇း၁၊ ၁၈း၁-၃)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၈

၁၈-ငါတို့အားပေါ်ထွန်းလတံ့သောဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏။



## သင်ခန်းစာ (၁၂)
## ဧဖရိမ်မှယေရှုရှလင်မြို့သို့ပြောင်းရွှေ့ခြင်း
## လုကာ ၁၈–၂၀၊ နှင့် ယောဟန် ၁၂

၁။ ဧဖရိမ်၌သခင်ယေရှုသွန်သင်ခဲ့သော ပုံဥပမာအချို့တို့ကိုဖော်ပြပါ။
လူကိုအားမနာတတ်သောတရားသူကြီး၊ ဖာရိရှဲနှင့်အခွန်ခံတစ်ယောက် နှင့် စပျစ်ဥယျာဉ်၌အလုပ်လုပ်သောသူများတို့၏ ပုံဥပမာများဖြစ်ပါသည်(လု၊ ၁၈း၁-၁၄၊ ၂၀း၉-၁၈)။
၂။ ထာဝရအသက်ကိုရှာဖွေသောချမ်းသာသည့်လူငယ်တစ်ဦးထံ သခင်ယေရှုက မည်သည့်အကြောင်းကို ပြောခဲ့သနည်း။
"ကိုယ်ဥစ္စာများကိုရောင်း၍ဆင်းရဲသောသူတို့အားပေးလော့။ ထိုသို့ပြုလျှင်ကောင်းကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်။ သို့ပြီးမှ ငါ့နောက်သို့လိုက်လော့"(မ၊ ၁၉း၂၁)။
၃။ သခင်ယေရှုသည် မိမိရက်စက်မှုခံစားခြင်းအတွက် မည်သည့်အရာပြေခဲ့သနည်း။
အချိန်ကာလသည်အလွန်နီးကပ်ပြီဟု သူပြောခဲ့သည် (လု၊ ၁၈း၃၁-၃၃၊ယော၊၁၂း၇-၈၊၂၃၊၃၅-၃၆)။
၄။ ယေရှုသည် သူအသေခံမည့်အကြောင်းကိုတပည့်တော်များထံပြောပြသောအခါ သူတို့က မည်သို့ပြောခဲ့ကြသနည်း။
သူတို့က လောကနိုင်ငံကိုမျှော်လင့်သောကြောင့် ယေရှုအသေခံခြင်းကိုမကြိုက်ကြပါ(လု၊၁၈း၃၁-၃၄)။
၅။ ယေရုရှလင်မြို့သို့ခရီးသွားနေစဉ် သခင်ယေရှုသည် မည်သည့်နိမိတ်လက္ခဏာကိုပြုလုပ်ခဲ့သနည်း။
ယေရိခေါမြို့အနီးတွင် မျက်ကန်းသူဗာသေမဲကိုမျက်စိပြန်မြင်စေခဲ့သည်(မာ၊၁၀း၄၂-၅၆၊ လု၊၁၈း၃၅-၄၃)။
၆။ သခင်ယေရှုသည် အဘယ်ကြောင့် ဇက္ခဲ၏နေအိမ်သို့သွားရောက်ခဲ့သနည်း။
ကယ်တင်ခြင်းယူဆောင်လာရန်အတွက်ဖြစ်သည်(လု၊ ၁၉း၁-၁၀)။
၇။ သခင်ယေရှုသည် ဗေသနိရွာ၌မည်သည့်အချိန်တွင် ရောက်ရှိလာခဲ့သနည်း။
သူ၏တပည့်တော်များနှင့်နောက်ဆုံးသောပသခါပွဲတော်ကိုမကျင်းပမီခြောက်ရက်အလို သောကြာနေ့၌ ရောက်ရှိလာခဲ့သည်(ယော၊ ၁၂း၁)။
၈။ မည်သူ့နေအိမ်တွင် သခင်ယေရှုသည် သူ၏တပည့်တော်များနှင့်ညနေစာသုံးဆောင်ခဲ့သနည်း။
မာရိ၊ မာသနှင့် လာဇရုတို့နေထိုင်သောနေရာ အနူသည် ရှိမုန်၏နေအိမ်တွင် သုံးဆောင်ခဲ့သည်။ (မာကု ၁၄း၁-၅)
၉။ ညစာစားပွဲတွင် မာရိသည် သူမ၏ယုံကြည်ခြင်းကို မည်ကဲ့သို့ပြသခဲ့သနည်း။
ယေရှု၏အမှုတော်လုပ်ငန်းအစပြုသည့်အချိန်တွင် သခင်ယေရှု၏ကိုယ်ခန္ဓာတော်ကို အဖိုးတန်သောဆီမွှေးဖြင့်သုတ်လိမ်းပေးခဲ့သည်(မ၊ ၂၆း၁၂၊ လု၊ ၇း၃၆)။
၁၀။ ဤမေတ္တာနှင့်ဆိုင်သောလုပ်ဆောင်မှုအပေါ်မှာ သခင်ယေရှုကမည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။
သူမသည် သခင်ယေရှု၏သင်္ဂြိုဟ်ခြင်းအတွက် ပြင်ဆင်ခဲ့သည်ဟု သူပြောခဲ့သည်(မာ၊ ၁၄း၆-၉၊ ယော၊ ၁၂း၇-၈)။
*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၁၉-၂၀
၁၉-ဤလောကသည်ဘုရားသခင့်သားတို့၏ပေါ်ထွန်းခြင်းအရာကိုအလွန်တောင့်တမြော်လင့်လျက်နေ ၏။
၂၀-ဤလောကသည် အနိစ္စနိုင်ငံသို့အလိုအလိုလိုက်သည်မဟုတ်။

## သင်ခန်းစာ (၁၃)
## သေခံမည့်ရက်သတ္တပတ်
### မဿဲ ၂၁၊ မာကု ၁၁၊ လုကာ ၁၉၊ နှင့် ယောဟန် ၁၃

၁။ ယေရှု၏ယေရုရှလင်မြို့သို့ရှင်ဘုရင်အဖြစ်ဝင်ရောက်ခြင်းသည် မည်သည့်လက္ခဏာဖြစ်ခဲ့သနည်း။
ရှင်ဘုရင်အဖြစ် သူ၏နိုင်ငံတော်သို့နှိမ့်ချစွာဝင်ရောက်ခြင်းကို ပုံဆောင်သည်(မ၊၂၁း၁-၇၊ လုကာ ၁၉း၂၉-၃၅၊ ဇာခရိ ၉း၉)

၂။ ဗိမာန်တော်ဒုတိယအကြိမ်ဆေးကြော၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
အပြစ်တရားနှင့်ပြည့်စုံသောဘုရားသခင်၏ဝိညာဉ်ရေးရာအိမ်တော်ကိုသန့်ရှင်းဆေးကြောရန် သခင်ယေရှုကြွလာတော်ခြင်းလက္ခဏာဖြစ်သည်(လု၊ ၁၉း၄၅-၄၆၊ မာ၊ ၁၁း၁၆-၁၇၊ ဟေရှာ၊ ၉း၆-၇)။

၃။ ယေရှုအသေမခံမီအင်္ဂါနေ့၌မည်သည့်ထူးခြားသောအရာကို ပေါ်ပေါက်ခဲ့သနည်း။
နောက်ဆုံးအှုတော်ဆောင်ခြင်းဖြစ်ပြီး၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်နောက်ဆုံးတရားစီရင်ခြင်းအကြောင်းများ သူဟောပြောခဲ့သည်(လု၊၂၁း၅-၃၇၊ မ၊ ၂၄း၄-၂၅း၁၃)။

၄။ ဗုဒ္ဓဟူးနေ့တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယုဒရှယာရှုတ်သည် သူ့အားယဇ်ပုရောဟိတ်အကြီးအကဲများထံ သစ္စာဖောက်ရောင်းချခဲ့သည် (မ၊၂၆း၁-၂၊၁၄-၁၆၊ မာ၊ ၁၄း၁၀-၁၁၊လု၊၂၂း၁-၆)။

၅။ နောက်ဆုံးညစာစားပွဲတွင် ခြေထောက်များဆေးကြောခြင်း၏အဓိပ္ပါယ်မှာမည်သည့်အရာဖြစ်သနည်း။
သခင်ယေရှုသည် သူ၏လူများအားသူ၏အသွေးတော်ဖြင့်ဆေးကြောရန် အစေခံတစ်ယောက်အဖြစ်မိမိကိုယ်ကိုနှိမ့်ချသောသဘောဖြစ်သည်(ယော၊ ၁၃း၂-၂၀၊ ဗျာ၊ ၁း၅-၆၊ ဖိ၊ ၂း၆-၇)။

၆။ သခင်ယေရှုသည် တပည့်တော်များ၏ခြေထောက်များဆေးကြောပေးခြင်းအားဖြင့် မည်သည့်သင်ခန်းစာကို ကျွန်ုပ်တို့အားသွန်သင်ခဲ့သနည်း။
အချင်းချင်းတယောက်နှင့်တယောက်အစေခံသင့်ကြောင်းသွန်သင်ခဲ့သည်(ယော၊ ၁၃း၁၄)။

၇။ သခင်ယေရှု၏ရန်သူများကသူ့အား လူအများရှေ့တွင်သတ်ဖြတ်ရန် ကြံစည်ခဲ့ကြသလော။
သူတို့သည်ပွဲကျင်းပသောနေ့မဟုတ်သော နေ့တွင် သူ့ကိုသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်ခဲ့ကြသည် (မ၊ ၂၆း၃-၅)။

၈။ သခင်ယေရှုသည် ယုဒလူများအား မည်သည့်အရာကိုပြုလုပ်ရန်တိုက်တွန်းခဲ့သနည်း။
ယုဒရှကာရှုတ်ကိုအပြင်သို့ခေါ်သွားပြီး သူ့အား "သင်ပြုရသောအမှုကိုအလျင်အမြန်ပြုလော့" ဟုပြောခဲ့သည်(ယော၊ ၁၃း၂၇)။

၉။ သခင်ယေရှုသည် ယုဒရှကာရှုတ်အားအပြင်သို့ထွက်စေပြီးနောက် မည်သည့်အရာကိုဖွဲ့စည်းခဲ့သနည်း။
ပွဲတော်မင်္ဂလာကို ဖွဲ့စည်းတည်ထောင်ခဲ့သည် (မ၊ ၂၆း၂၆-၂၈)။

၁၀။ ပွဲတော်မင်္ဂလာသည် မည်သည့်အရာကိုပုံဆောင်ထားသနည်း။
မုန့်နှင့်စပျစ်ရည်တို့သည် သခင်ယေရှု၏ချိုးဖဲ့ခြင်းခံသောကိုယ်ခန္ဓာနှင့်သွန်းလောင်းခြင်းခံသောအသွေးတော်ဖြစ်သည် (၁ကော၊ ၁၁း၂၃-၂၆) ။

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၂၁-၂၂

၂၁-ဘုရားသခင်သားတို့၏ ထူးမြတ်သောလွှတ်ခြင်းချမ်းသာတည်းဟူသောဖောက်ပြန်ဖျက်စီးခြင်းအနှောင်အဖွဲ့မှကယ်လွှတ်ခြင်းချမ်းသာကိုဝင်စားမည်ဟုမြော်လင့်ရသောအခွင့်ကိုပေး၍ အနိစ္စနိုင်ငံသို့လိုက်စေတော်မူသောသူ၏အလိုတော်ကြောင့်သာလုက်ရ၏။

၂၂-ဤလောကတနိုင်ငံလုံးသည် ယခုတိုင်အောင်တညီတညွတ်တည်းညည်းတွား၍ဆင်းရဲခြင်းဝေဒနာကိုခံရသည်ဟု ငါတို့သိကြ၏။



## သင်ခန်းစာ (၁၄)
## သခင်ယေရှုဖမ်းဆီးချုပ်နှောင်ခြင်းနှင့်စစ်ဆေးမှုခံယူခြင်း
### မဿဲ ၂၆၊ မာကု ၁၄–၁၅၊ လုကာ ၂၂–၂၃၊ နှင့်ယောဟန် ၁၈–၁၉၁

၁။ ဂေသရှေမန်ဥယျာဉ်တွင် သခင်ယေရှုသည်မည်သည်ဆုကို တောင်းလျှောက်ခဲ့သနည်း။
"အကျွန်ုပ်အဘ၊ ဤခွက်သည်အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်းအကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုတော်ရှိသည်အတိုင်းဖြစ်ပါစေ" (မဿဲ ၂၆း၃၉)။

၂။ ရန်သူများသည် သူ့အားဖမ်းဆီးရန် တန်ခိုးမရှိကြောင်း ယေရှုကမည်ကဲ့သို့ပြသခဲ့သနည်း။
သူ့ကိုဖမ်းဆီးရန်လာသောသူတပ်သားများကို စကားတစ်ခွန်းဖြင့် မြေပေါ်မှာလဲစေခဲ့သည်(ယော၊ ၈း၁-၁၂)။

၃။ သခင်ယေရှုသည် ဖမ်းဆီးခြင်းခံခဲ့ပြီးနောက် မည်သူ့ထံရှေ့ဦးစွာခေါ်ဆောင်ခြင်းခံခဲ့ရသနည်း။
ယဇ်ပုရောဟိတ်အန္နမင်းထံခေါ်ဆောင်ခြင်းခံခဲ့ရသည် (ယော၊၁၈း၁၃၊ ၁၉-၂၄)။

၄။ ယုဒအာဏာရှင်များသည် သူတို့၏ဆိုးသွမ်းမှုကို မည်ကဲ့သို့ပြသခဲ့သနည်း။
ယေရှုအကြောင်းကိုမှားယွင်းသောသက်သေများရှာဖွေခဲ့ကြသည် (မဿဲ၊ ၂၆း၅၉)။

၅။ ယုဒအာဏာရှင်များသည် နောက်ဆုံးတွင် သခင်ယေရှုအားမည်သည့်အမှုဖြင့်ပြစ်တင်ခဲ့ကြသနည်း။
သူသည်ခရစ်တော်၊ အသက်ရှင်သောဘုရားသခင်၏သားတော်ဖြစ်ကြောင်း သခင်ယေရှုဟောပြောမှုအပေါ် ပြစ်တင်ခဲ့ကြသည်(မ၊ ၂၆း၆၃-၆၆)။

၆။ ယုဒအာဏာရှင်များသခင်ယေရှုအပေါ်ပြစ်တင်မှုသည် အဘယ်ကြောင့် မှားယွင်းခဲ့သနည်း။
သခင်ယေရှုအားခရစ်တော်ဖြစ်ခြင်းကို လုံးဝငြင်းပယ်ခဲ့ကြသောကြောင့်ဖြစ်သည်(မ၊ ၂၆း၆၅-၆၈)။

၇။ ယုဒလူများရှေ့တွင် ယေရှုစစ်ဆေးမှုခံစဉ် သူ၏ဝေဒနာအပေါ် မည်သည့်အရာက ထပ်ဖြည့်ခဲ့သနည်း။
သူ၏အားကိုးအားထားရဆုံးသူပေတရုက သူ့ကိုငြင်းပယ်ခဲ့သည် (လု၊၂၂း၅၄-၆၂)။

၈။ သခင်ယေရှု၏စစ်ဆေးခြင်း၌ ပိလတ်မင်းသည်မည်သည့်အရာကိုခံစားခဲ့သနည်း။
သူသည် သခင်ယေရှုအား အပြစ်ကင်းမဲ့သူဖြစ်သည်ဟုသိခဲ့သောကြောင့် အလွန်စိုးရိမ်ပူပန်ခဲ့သည် (မ၊ ၂၇း၁၁-၂၅)။

၉။ ပိလတ်မင်းသည် သခင်ယေရှုအားအပြစ်ကင်းမဲ့သူဖြစ်သည်ဟု သိလျက်နှင့်အဘယ်ကြောင့်သတ်ဖြတ်ရန် စီရင်ချက်ချမှတ်ခဲ့သနည်း။
သူသည် လူတွေကိုကြောက်ပြီး ကဲသာဘုရင်နှင့်မိတ်ဖွဲ့လိုသောကြောင့်ဖြစ်သည် (လု၊ ၂၃း၁-၂၅)။

၁၀။ ယေရှု၏ရုံးတင်စစ်ဆေးမှုခံခြင်းအားဖြင့်ဘုရားသခင်၏ရည်ရွယ်ချက်သည်မည်သည့်အရာ ဖြစ်သနည်း။
ယေရှုသည်အပြစ်ကင်းသူဖြစ်ခြင်းကိုပြသလိုသောကြောင့်ဖြစ်သည်(လု၊ ၂၂၃း၁၄၊ ၂၀-၂၂၊ ယော၊ ၁း၂၈-၄၀)

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၂၃

၂၃-ထိုမျှမကဝိညာဉ်တော်၏ကျေးဇူးတော်အစအဦးကိုခံပြီးသောငါတို့သည်လည်း၊ သားအရာ၌ချီးမြှောက်ခြင်းအကြောင်းတည်းဟူသောကိုယ်ခန္ဓာရွေးနှုတ်ခြင်းချမ်းသာကိုမြော်လင့်၍၊ စိတ်နှလုံးအထဲ၌ညည်းတွားလျက်နေကြ၏။

## သင်ခန်းစာ (၁၅)
## ကာရနီတောင်ကုန်းပေါ်၌
### မဿဲ ၂၇၊ မာကု၊ ၁၅၊ လုကာ ၂၃၊ ယောဟန် ၁၉

၁။ သခင်ယေရှုသည် လူသားအားလုံးကယ်တင်ရန်အတွက် အသေခံခဲ့သလော။
လူသားအားလုံးကယ်တင်ရန်အသေခံခဲ့သည်(ယော၁ဝး၁၁၊ ၁၅၊ ၂၇-၂၉)။
၂။ သခင်ယေရှုသည် အဘယ်ကြောင့်ကားတိုင်ပေါ်မှာအသေခံခဲ့ရသနည်း။
ကျွန်ုပ်တို့၏ကျိန်ခြင်းအမင်္ဂလာများကိုယူဆောင်ရန်အတွက်ဖြစ်သည်(ဂ၊ ၃း၁၃၊ တ၊ ၂၁း၂၃)။
၃။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ကျိန်ခြင်းအမင်္ဂလာများကိုသူ့အပေါ်မှာယူဆောင်ခြင်းသည် အဘယ်ကြောင့်မရှိမဖြစ်လိုအပ်သနည်း။
အပြစ်သားများ၏ပြစ်ကြွေးပေးဆပ်ရန်နှင့်ထာဝရအသက်ပေးအပ်ရန်အတွက်ဖြစ်သည် (ဟေဗြဲ၊ ၉း၁၁-၂၂၊ ရောမ၊ ၃း၂၅၊ ၅း၁၊ ၆-၂၁)။
၄။ သခင်ယေရှုသည် အပြစ်များအတွက် အသေခံခြင်းကို မည်သည့်အရာက ထင်ရှားစေခဲ့သနည်း။
သူအသေခံသည့်အချိန်တွင် "အိုအဘ၊ သူတို့၏အပြစ်အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြ"ဟုဆုတောင်းခဲ့သည်(လု၊ ၂၃း၃၄)။
၅။ ယေရှုအသေခံသည့်အချိန်တွင် မည်သည့်အရာကပိုပြီးနာကျင်စေခဲ့သနည်း။
လူတွေ၏ပျက်ရယ်ပြုခြင်းက ပိုပြီးနာကျင်စေသည် (မ၊ ၂၇း၂၆-၃၁၊ ၃၄-၄၄)။
၆။ ယေရှုနှင့်အတူအသေခံသောလူဆိုးနှစ်ဦးအကြောင်းကို မည်ကဲ့သို့သိရှိနိုင်သနည်း။
သူတို့သည် အပြစ်သားများဖြစ်ကြသော်လည်း တစ်ယောက်က ကယ်တင်ခြင်းရရှိခဲ့သည်(မ၊ ၂၇း၄၄၊ လု၊ ၂၃း၃၉-၄၃)။
၇။ မှောင်မိုက်အတိဖြစ်သောသုံးနာရီအတွင်း မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သခင်ယေရှုသည် သူ၏လူများအပြစ်ကြောင့် ငရဲ၏နာကျင်မှုကို ပြင်းထန်စွာခံစားခဲ့သည်(မ၊၂၇း၄၅-၄၆)။
၈။ "အမှုပြီးပြီ"ဟူသောစကား၏အနက်အဓိပ္ပါယ်မှာမည်သည့်အရာဖြစ်သနည်း။
နှုတ်ကပတ်တော်နှင့်သူ၏တာဝန်လုပ်ဆောင်ခဲ့ခြင်းကိုဆိုလိုသည်(ယော၊ ၄း၃၄၊ ၁၇း၄၊ ဧ၊၂း၁၄-၁၇)။
၉။ သခင်ယေရှုသည် သူ၏လုပ်ငန်းပြီးဆုံးကြောင်း မည်ကဲ့သို့ထပ်မံဖော်ပြခဲ့သနည်း။
သူ၏ဝိညာဉ်ကို ခမည်းတော်၏လက်တော်သို့အပ်နှံခြင်းအားဖြင့်ထပ်မံဖော်ပြခဲ့သည်(လု၊ ၂၃း၄၆)။
၁၀။ သခင်ယေရှု၏လုပ်ငန်းတာဝန်ပြီးဆုံးကြောင်း ဘုရားသခင်သည် မည်ကဲ့သို့ထင်ရှားစေခဲ့သနည်း။
ဗိမာန်တော်ကုလားကာသည် အထက်မှအောက်သို့နှစ်ခြမ်းကွဲပြီး၊ မြေလျှင်လှုပ်ကာ သန့်ရှင်းသောသူများ၏သင်္ချိုင်းတွင်းများဖွင့်ဟခဲ့သည်(မ၊၂၇း၅၀-၅၃)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၂၄-၂၅

၂၄-ငါတို့သည် မြော်လင့်ခြင်းအားဖြင့်ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏။မြော်လင့်သောအရာကိုတွေ့မြင်လျှင် မြော်လင့်စရာအကြောင်းမရှိ။တွေ့မြင်သောအရာကို အဘယ်ကြောင့်မြော်လင့်ရမည်နည်း။

၂၅- ငါတို့သည်မတွေ့မမြင်သောအရာကို မြော်လင့်လျှင်မူကား၊ ထိုအရာကိုသည်းခံသောစိတ်နှင့်ငံ့လင့်၍နေကြ၏။



## သင်ခန်းစာ (၁၆)
## သခင်ယေရှုရှင်ပြန်ထမြောက်ခြင်းနှင့်ချီဆောင်ခြင်း
### မဿဲ ၂၈၊ မာကု ၁၆၊ ယောဟန် ၂၀–၂၁၊ နှင့်လုကာ ၂၄

၁။ သခင်ယေရှုရှင်ပြန်ထမြောက်သောနံနက်အစောကြီးမှာမည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
မြေလျှင်တုန်လှုပ်ပြီးကောင်းကင်တမန်တပါးသည် ကျောက်တုံးကြီးကိုသင်္ချိုင်းတံခါးဝမှလှိမ့်လှန်ခဲ့သည်(မ၊ ၂၈း၁-၈)။
၂။ ကောင်းကင်တမန်သည် အဘယ်ကြောင့်ကျောက်တုံးကြီးကိုဖယ်ရှားခဲ့သနည်း။
သင်္ချိုင်းဂူထဲတွင်သခင်ယေရှု၏အလောင်းမရှိတော့ခြင်းသက်သေကိုပြသလိုသောကြောင့်ဖြစ်သည်(မ၊ ၂၈း၅-၈၊ မာကု၊ ၁၆း၃-၈)။
၃။ ပိတ်ချောအဝတ်သည် ခရစ်တော်၏ထမြောက်ခြင်းကို မည်ကဲ့သို့သက်သေထူခဲ့သနည်း။
ပိတ်ချောအဝတ်တစ်ခုတည်းသာကျန်ရစ်ခဲ့သည် (ယော၊ ၂၀း၁-၉)။
၄။ သခင်ယေရှုရှင်ပြန်ထမြောက်ခြင်းက မည်သည့်အရာကို သက်သေပြသခဲ့သနည်း။
သူသည် ကျွန်ုပ်တို့၏အပြစ်များအားလုံးအခပေးဆပ်ခဲ့ပြီး သေခြင်းတရား၏တန်ခိုးကိုဖျက်ဆီးခြင်းကိုသက်သေပြခဲ့သည် (ရော၊ ၄း၂၅၊ ဟေဗြဲ၊ ၂း၁၄-၁၅)။
၅။ သခင်ယေရှုထမြောက်ခဲ့ပြီး ရက်ပေါင်းလေးဆယ်အတွင်းမည်သည့်အရာပြုလုပ်ခဲ့သနည်း။
သူသည် သူ၏တပည့်တော်များထံ အကြိမ်များစွာထင်ရှားခဲ့ပြီး ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်သောအရာများသွန်သင်ခဲ့သည်(မ၊ ၂၈း၈-၁၀၊လု၊ ၂၄း၁၃-၃၁၊၃၃-၃၄၊ ၁ကော၊ ၁၅း၃-၆၊ တ၊ ၁း၃)။
၆။ ယေရှုသေခြင်းမှထမြောက်ပြီးကိုယ်ထင်ရှားခြင်းသည် မည်သည့်အရာကိုသက်သေပြခဲ့သနည်း။
ယေရှု၏ထမြောက်ခြင်းကိုငြင်းဆိုဖွယ်မရှိအောင်အသက်သေထူခဲ့ပြီးခရစ်ယာန် များစောင့်ထိန်းရန်ဥပုသ်နေ့သည် ရက်သတ္တပတ်၏ပထမနေ့ဖြစ်ကြောင့်ဖော်ထုတ်ခဲ့သည်(တမန် ၁း၃၊ယော၊ ၂၀း၁-၃၊ ၁၀၊ ၁၉၊ တမန်၊ ၂၀း၇၊ ၁ကော၊ ၁၆း၂၊ ဗျာ၊ ၁း၁၀)။
၇။ ရှင်ပြန်ထမြောက်ခြင်းရက်ပေါင်း ၄၀ အပြီးမှာ သခင်ယေရှုသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
သူ၏တပည့်တော်များရှေ့မှောက်တွင်ကောင်းကင်ဘုံသို့ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသောကိုယ်ခန္ဓာဖြင့်တက်သွားခဲ့သည်(တ၊ ၁း၁-၃၊ ၉-၁၁)။
၈။ သခင်ယေရှုချီဆောင်ခြင်း၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
သူသည်ဘုရားသခင်၏လက်ယာဘက်တွင်ချီးမြှောက်ခြင်းခံခဲ့ရပြီး၊ ကောင်းကင်နှင့်မြေကြီးပေါ်၌ရှိသောတန်ခိုးတော်အားလုံးကို သူပိုင်ဆိုင်သည် (မ၊ ၂၈း၁၈)။
၉။ ကောင်းကင်ဘုံတွင် သခင်ယေရှုသည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း။
ကျွန်ုပ်တို့အတွက်ကိုယ်စားပြုဆုတောင်းပေးသည်(ရော၊ ၈း၃၄၊ ဟေဗြဲ၊ ၉း၁၂၊ ၂၄၊ ဧ၊ ၁း၂၀-၂၃)။
၁၀။ သခင်ယေရှုသည် မည်သည့်အချိန်တွင် ပြန်ကြွလာမည်နည်း။
ကမ္ဘာကုန်ဆုံးသည့်အချိန်တွင် ကြီးမားသောတန်ခိုးတော်နှင့်ဘုန်းတော်အားဖြင့် သူပြန်ကြွလာမည်ဖြစ်သည်(မ၊ ၂၄း၃၀၊ ၂၅း၃၁၊ လုကာ၊ ၉း၂၆)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၂၆

၂၆-ထိုမှတပါး၊ ငါတို့မတတ်နိုင်သောအရာမှာဝိညာဉ်တော်သည်မစတော်မူ၏။ ငါတို့သည်ဆုတောင်းသင်သည်အတိုင်းအဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကိုနှုတ်မမြွက်နိုင်သောညည်းတွားခြင်းအားဖြင့်ဝိညာဉ်ဆော်သည်စောင့်မတော်မူ၏။

## သင်ခန်းစာ (၁၇)
## ပင်တေကုတ္တေပွဲ
### တမန် ၂

၁။ တမန်တော်ဝတ္တုသည် အဘယ်ကြောင့်သခင်ယေရှုချီဆောင်ခံခြင်းနှင့်အစပြုခဲ့သနည်း။
သခင်ယေရှုသည် မိမိတမန်တော်အားဖြင့် တရားဟောပြီးကြီးမားသောအမှုပြုမည်ဖြစ်သောကြောင့် ဖြစ်သည်(ဇဖက်၊ ၄း၁၀-၁၂၊ ၂ကော၊ ၈း၂၃၊ ၁၂း၁၂၊ ဟေဗြဲ၊ ၂း၃-၄)။

၂။ ပင်တေကုတ္တေပွဲနေ့တွင် မည်သည့်အရာများပေါ်ပေါက်ခဲ့သနည်း။
ယုံကြည်သူများအပေါ်မှာသန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းခဲ့သည်(တမန်၊ ၂း၁၊ ၁၆-၁၈၊ ယောလ၊ ၂း၂၈-၂၉)။

၃။ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည် မည်သည့်နိမိတ်လက္ခဏာနှင့်ဒွန်တွဲထားသနည်း။
လေပြင်းမုန်တိုင်းကဲ့သို့သောအသံဖြစ်ခြင်း၊ ကွဲပြားသောလျှာတို့သည်မီးလျှာကဲ့သို့၄င်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်းများပေါ်ပေါက်ခဲ့သည်(တမန်၊ ၂း၁-၄)။

၄။ လေပြင်းမုန်တိုင်းကဲ့သို့သောအသံဖြစ်ခြင်းသည် မည်သည့်နိမိတ်လက္ခဏာကိုပုံဆောင်ထားသနည်း။
ယုံကြည်သူများ၏နှလုံးသားထဲတွင်သန့်ရှင်းသောဝိညာဉ်တော်အမှုပြုခြင်းကို ပုံဆောင်သည်(တ၊ ၂း၂-၄၊ ယော၊ ၃း၃-၈)။

၅။ ကွဲပြားသောမီးလျှံသည် မည်သည့်အရာကို ရည်ညွှန်းသနည်း။
သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးတော်သည်အပြစ်ကိုဆေးကြောပေးခြင်းနှင့်အမှုတော်အတွက်ယုံကြည်သူများစင်ကြယ်စေခြင်းကို ရည်ညွှန်းလိုသည်(တမန်၊ ၂း၃၊ မဿဲ၊ ၃း၁၁၊ ၁ပေ၊ ၁း၇)။

၆။ အခြားသောဘာသာစကားပြောခြင်း၏အဓိပ္ပါယ်မှာ မည်သည့်အရာဖြစ်သနည်း။
ကယ်တင်ခြင်းသတင်းကောင်းသည် လူမျိုးအားလုံးအပေါ်ကြွေးကြော်မည့်အကြောင်းဖြစ်သည်(တမန်၊ ၂း၁၄-၂၁၊၃၉)။

၇။ ပေတရုက ပင်တေကုတ္တေအဖြစ်အပျက်များကို မည်ကဲ့သို့ရှင်းပြခဲ့သနည်း။
ယခုလူတွေမြင်တွေ့နေသောအရာသည် ပရောဖက်ယောလ၏ကြိုတင်ဟောအရာပြည့်စုံခြင်းဖြစ်သည်ဟု သူရှင်းပြခဲ့သည် (တမန်၊ ၂း၁၆)။

၈။ ပေတရုဒေသနာကိုနားထောင်သောသူများအပေါ်သူက မည်သည့်အရာပြောပြခဲ့သနည်း။
"သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါနောင်တရ၍တယောက်မျှမကြွင်း၊ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံ ကြလော့။ သို့ပြုလျှင် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကိုခံရကြလိမ့်မည်" (တမန်၊ ၂း၃၈)။

၉။ ပေတရုဟောပြောသောဒေသနာ၏အသီးအပွင့်သည် မည်သည့်အရာဖြစ်သနည်း။
ဝိညာဉ်အပါးသုံးထောင်ခန့်နောင်တရခဲ့ကြပြီး၊ အသင်းတော်တိုးပွါးခဲ့သည် (တမန်၊ ၂း၄၁)။

၁၀။ ပေတရုသည်မည်သည့်နှစ်သိမ့်ခြင်းစကားများကို သူတို့အပေါ်ဟောပြောခဲ့သနည်း။
"အကြောင်းမူကား၊ ဂတိတော်သည်သင်တို့နှင့်၄င်း၊ သင်တို့၏သားသမီးတို့နှင့်၄င်း၊ ဝေးသောသူတို့တွင်ငါတို့၏ဘုရားသခင်ထာဝရဘုရားခေါ်တော်မူသမျှသောသူတို့နှင့်၄င်းဆိုင်သည်"(တမန်၊ ၂း၃၉)။

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၂၇

၂၇-စစ်နှလုံးကိုစစ်တော်မူသောသူသည်လည်းဝိညာဉ်တော်၏စိတ်သဘောကိုသိတော်မူ၏။ အကြောင်းမူကား၊ ဝိညာဉ်တော်သည် သန့်ရှင်းသောသူတို့၏ဆုဆောင်းခြင်းအမှုကို ဘုရားသခင်၏အလိုတော်နှင့်အညီစောင့်မတော်မူ၏။



## သင်ခန်းစာ (၁၈)
## ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်တိုးတက်ကြီးထွားခြင်း
### တမန် ၃–၆

၁။ ယေရုရှလင်မြို့၌အသင်းတော်မည်ကဲ့သို့ကြီးထွားခဲ့သနည်း။
တမန်တော်များ၏တရားဟောခြင်းနှင့်အံ့ဩဘွယ်နိမိတ်လက္ခဏာပြုခြင်းအားဖြင့်ကြီး ထွားခဲ့သည်(တမန်၊ ၂း၄[၁]၊ ၃း၁-၈၊ ၅း၄၀-၄၂)။

၂။ တမန်တော်များပထမဆုံးပြုလုပ်သောနိမိတ်လက္ခဏာသည်မည်သည့်အရာဖြစ်သနည်း။
ဗိမာန်တော်တံခါးဝ၌ခြေမစွမ်းစွန့်ကြဲခြင်းခံသူကိုကျန်းမာစေခြင်းဖြစ်သည်(တမန်၊ ၃း၁-၁၁)။

၃။ ခြေမစွမ်းသောသူကျန်းမာစေခြင်းနိမိတ်လက္ခဏာ၏အရေးပါမှုသည်မည်သည့်အရာဖြစ်သနည်း။
ခရစ်တော်သည် တမန်တော်များအားဖြင့် အံ့ဩဖွယ်နိမိတ်လက္ခဏာများပြုလုပ်နေခြင်းကို ထင်ရှားစေသည်(တမန်၊ ၅း၁၂၊ ဟေဗြဲ၊ ၂း၄)။

၄။ ခြေမစွမ်းသောသူကျန်းမာစေခြင်းနိမိတ်လက္ခဏာ၏ကောင်းကျိုးသည်မည်သည့်အရာဖြစ်သနည်း။
တမန်တော်များ၏တရားဟောခြင်းအားဖြင့် လူငါးထောင်ခန့်သည်ယုံကြည်ခဲ့ကြသည်(တမန်၊ ၄း၄)။

၅။ ခြေမစွမ်းသောသူကျန်းမာစေခြင်းနိမိတ်လက္ခဏာအပေါ် ယုဒလူကမည်သို့စိတ်ဆိုးခဲ့ကြသနည်း။
သူတို့သည် ပေတရု၏တရားဟောမှုအပေါ်အမျက်ထွက်ကြပြီးပေတရုနှင့်ယောဟန်တို့အားထောင်ထဲတွင် သိုလှောင်ခဲ့ကြသည်(တမန်၊ ၃း၁၂-၄း၃)။

၆။ ယေရှုနာမကိုသွန်သင်ခြင်းမပြုရန်တားမြစ်ကြသောအခါ ပေတရုနှင့်ယောဟန်မည်သို့ဖြေကြားခဲ့သနည်း။
"ငါတို့သည် ကြားလျက်မြင်လျက်ရှိသောအရာတို့ကိုမဟောမပြောဘဲမနေနိုင်"(တမန်၊ ၄း၂၀)။

၇။ ယုံကြည်သူအားလုံးအပေါ်မှာမည်သည့်ကြောက်လန့်စရာအဖြစ်အပျက်ကိုပေါ်ပေါက်လာခဲ့ သနည်း။
အာနနိနှင့်ရှဖိရေတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်လိမ်ညာသောအပြစ်ကြောင့်သေဆုံးခဲ့ကြသည်(တမန်၊ ၅း၁-၁၁)။

၈။ ကယဖ်ပရောဟိတ်မင်းနှင့်ဇဒ္ဒုကဲတို့ကအဘယ်ကြောင့်တမန်တော်များအားဒုတိယအကြိမ် ထောင်ထဲ၌သိုလှောင်ခဲ့ကြသနည်း။
တမန်တော်များသည် သခင်ယေရှု၏နာမတော်ကိုအသုံးပြုပြီး တရားဟောကာအံ့ဩဖွယ်နိမိတ်လက္ခဏာများပြုလုပ်ခဲ့ကြသောကြောင့် ဖြစ်သည်(တမန်၊ ၅း၁၈-၄၀)။

၉။ ကောင်စီရုံးသို့တမန်တော်များရောက်ရှိလာခဲ့ကြသောအခါ သူတို့သည် တမန်တော်များကို မည်ကဲ့သို့ပြုခဲ့ကြသနည်း။
တမန်တော်များကိုရိုက်နက်ခဲ့ကြပြီးနောက် သခင်ယေရှု၏နာမတော်ကိုအသုံးပြုပြီးတရားမဟောရန်သတိပေးခြင်းနှင့်အတူ သူတို့ကို ပြန်လွှတ်ခဲ့ကြသည် (တမန်၊ ၅း၁၈-၄၀)။

၁၀။ ထိုရက်စက်မှုအပေါ် တမန်တော်များက မည်ကဲ့သို့တုန့်ပြန်ခဲ့ကြသနည်း။
သူတို့သည် သခင်ယေရှုအတွက်ဆင်းရဲဒုက္ခခံရန် ထိုက်တန်သည်ဟုထင်မှတ်ခဲ့သောကြောင့် အလွန်ပျော်ရွှင်ခဲ့ကြသည်(တမန်၊၅း၄၀-၄၂) ။

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၂၈

၂၈-ဘုရားသခင်ကိုချစ်သောသူတည်းဟူသောကြံစည်တော်မူခြင်းအတိုင်းခေါ်တော်မူသောသူတို့၏ အကျိုးကိုခပ်သိမ်းသောအရာတို့သည်တညီတညွတ်တည်းပြုစုကြသည်ကိုငါတို့သိကြ၏။

## သင်ခန်းစာ (၁၉)
## အသင်းတော်သည် ယေရှုရှလင်မြို့မှပြန့်နှံ့ခြင်း
## တမန် ၆–၈

၁။ မည်သည့်အဖြစ်အပျက်သည် အသင်းတော်၏နှိပ်စက်ခြင်းအစဖြစ်သနည်း။
သတေဖန်၏အသတ်ခံရခြင်းသည် အသင်းတော်၏နှိပ်စက်ခြင်းအစဖြစ်သနည်း(တ၊၇း၅၉-၈း၁)။
၂။ မည်သည့်အရာက သတေဖန်ကိုဖမ်းဆီးချုပ်နှောင်စေခဲ့သနည်း။
ယုဒလူများကသတေဖန်၏တရားဟောခြင်းကိုမုန်းပြီး သူ့ကိုမငြင်းဆန်နိုင်ခဲ့ကြပေ(တ၊ ၆း၈-၁၀)။
၃။ ယုဒခေါင်းဆောင်များသည် မည်သည့်နည်းလမ်းဖြင့်သတေဖန်ကိုသတ်ဖြတ်ရန်ကြိုးပမ်းခဲ့ကြသနည်း။
သူတို့သည် မမှန်သောသက်သေများကိုအသုံးပြုပြီး သတေဖန်ကို မဟုတ်မမှန်ပြစ်တင်ခဲ့ကြသည်(တ၊ ၆း၁၁-၁၅)။
၄။ ယုဒခေါင်းဆောင်များသည် အဘယ်ကြောင့်သတေဖန်ကိုကျောက်ခဲဖြင့်ပစ်သတ်ခဲ့ကြသနည်း။
သတေဖန်သည်သူတို့အား သခင်ယေရှု၏နာမတော်ဆန့်ကျင်သောသူများနှင့်သတ်ဖြတ်သောသူများအဖြစ်ပြစ်တင်ခဲ့သောကြောင့်ဖြစ်သည် (တမန်၊ ၇း၅၁-၅၂)။
၅။ သတေဖန်သေဆုံးပြီးနောက် မည်သည့်အရာများဖြစ်ပေါ်လာခဲ့သနည်း။
ယေရှုရှလင်မြို့၌အသင်းတော်သည်ကြီးမားစွာသတ်ဖြတ်ခြင်းပေါ်ပေါက်လာခဲ့သည်(တမန်၊ ၈း၁)။
၆။ အသင်းတော်ညှဉ်းပန်းနှိပ်စက်ခြင်း၏အကျိုးတက်ရောက်မှုသည်မည်သည့်အရာဖြစ်သနည်း။
ယုံကြည်သူများသည် ယုဒပြည်နှင့်ရှမာရိပြည်၊ အန္တိအုတ်နှင့်ကုပရုမြို့များသို့ပျံ့နှံ့ခဲ့ကြသည်(တမန်၊ ၉း၁၊ ၁၁း၁၉-၂၀)။
၇။ ဤညှဉ်းပန်းနှိပ်စက်ခြင်းသည် အသင်းတော်ကိုမည်ကဲ့သို့အကျိုးပြုခဲ့သနည်း။
အမြို့မြို့အနယ်အနယ်သို့ပျံ့နှံ့ခဲ့ကြသောယုံကြည်သူများအားဖြင့် နေရာအနှံ့အပြားသို့ သတင်းကောင်းပျံ့နှံ့သွားခဲ့သည်(တမန်၊ ၈း၄)။
၈။ ရှမာရိမြို့တွင် မည်သူက အမှုတော်ဆောင်ခဲ့သနည်း။
ဧဝံဂေလိဆရာ ဖိလိပ္ပုကအမှုဆောင်ခဲ့ပြီး၊ နောက်ပိုင်းတွင် ယောဟန်နှင့်ပေတရုတို့ကအမှုဆောင်ခဲ့ကြသည်။ (တမန် ၈း၅-၁၄)
၉။ ဘုရားသခင်၏ကောင်းကင်တမန်သည် ဖိလိပ္ပုထံ မည်သူ့ကိုစေလွှတ်ခဲ့သနည်း။
အဲသယောပိပြည်သားတစ်ဦးကိုစေလွှတ်ခဲ့သည်(တမန်၊ ၈း၂၆-၄၀)။
၁၀။ အဲသယောပိပြည်သားထံ ဖိလိပ္ပုတရားဟောခြင်းအားဖြင့်မည်သည့်အကျိုးကျေးဇူးဖြစ်ထွန်းခဲ့သနည်း။
သူသည်ယုံကြည်ပြီးနှစ်ခြင်းခံယူခဲ့ကာ ဝမ်းမြောက်စွာအိမ်ပြန်ခဲ့သည်(တမန်၊ ၈း၃၆-၄၀)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၂၉

၂၉-ဘုရားသခင်၏သားတော်သည် အများသောညီတို့တွင်သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင်သည်ရှေ့မဆွကသိတော်မူသောသူတို့ကို သားတော်၏ပုံသဏ္ဍာန်နှင့်တညီတည်းဖြစ်စေခြင်းငှါ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။



## သင်ခန်းစာ (၂၀)
## ဟေလသလူများထံသတင်းကောင်းရောက်ရှိလာခြင်း
## တမန် ၉–၁၀

၁။ ပင်တေကုတ္တေနေ့တွင်သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်း၏အသီးအပွင့်များမှ တစ်ခုမှာမည်သည့်အရာဖြစ်သနည်း။
သတင်းကောင်းကို ယုဒလူများထံသာမက လူမျိုးအားလုံးထံသို့ဟောပြောခြင်းဖြစ်သည်(တမန်၊ ၂း၃၉)။
၂။ ဘုရားသခင်သည် တပါးအမျိုးသားများထံသို့ကယ်တင်ခြင်းသတင်းကောင်းဝေငှနိုင်ရန် မည်သည့်အဖြစ်အပျက်ကိုပြင်ဆင်ပေးခဲ့သနည်း။
ပေါလု၏ဘဝပြောင်းလဲခြင်း၊ယုပ္ပေမြို့၌ပေတရု၏ရူပါရုံမြင်တွေ့ခြင်း၊ကော်နေလိ၏ကယ်တင်ခြင်း ပြင်ဆင်ပေးခဲ့သည်(တမန်၊ ၉း၃-၁၈၊ ၁၀း၈း၃၅)။
၃။ တပါးအမျိုးသားများထံသတင်းကောင်းဝေမျှရန် ဘုရားသခင်က မည်သူ့ကိုရွေးကောက်ခဲ့သနည်း။
တာရှုမြို့သား ရှောလုကိုရွေးကောက်ခဲ့သည်(တမန်၊ ၉း၁-၂၊ ၁၅)။
၄။ ရှောလုသည် တမန်တော်ဖြစ်လာရန် မည်ကဲ့သို့ရွေးကောက်ခြင်းခံခဲ့ရသနည်း။
ခရစ်ယာန်များကိုသတ်ဖြတ်ရန် ဒမာသက်မြို့သို့သွားစဉ် ခရစ်တော်သည် ထင်ရှားခဲ့သည်(တမန်၊ ၉း၁-၃၁)။
၅။ ရှောလုသည် တပါးအမျိုးသားများထံ အမှုတော်ဆောင်ရန် မည်ကဲ့သို့သွန်သင်ခြင်းခံခဲ့ရသနည်း။
အာရပ်ပြည်တွင် ဘုရားသခင်က သူ့ထံသတင်းကောင်းကိုဖွင့်ပြခဲ့သည်(ဂလာ၊ ၁း၁၇)။
၆။ ရှောလုအသက်တာပြောင်းလဲသည့်အချိန်တွင် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
အသင်းတော်ရက်စက်မှုရပ်တန့်သွားခဲ့ပြီး၊ ပေတရုသည် အသင်းတော်များသို့သွားရောက်ကာခွန်အားပေးတိုက်တွန်းခဲ့သည်(တမန်၊ ၉း၃၁)။
၇။ ယုပ္ပေမြို့တွင်မသန့်ရှင်းသောတိရိစ္ဆာန်များကိုပေတရု၏ရူပါရုံတွင်မြင်တွေ့ခြင်းအဓိပ္ပါယ်မှာမည်သည့်အရာဖြစ်သနည်း။
သတင်းကောင်းသည် တပါးအမျိုးသားများထံဝေငှရမည်ဟုဘုရားဖွင့်ပြခြင်းဖြစ်သည်(တမန်၊ ၁၀း၁၅၊ ၃၄-၃၅၊ ၁၅း၆-၇)။
၈။ မသန့်ရှင်းသောတိရိစ္ဆာန်များမြင်တွေ့ပြီးနောက်ပေတရုသည်မည်သည့်အရာကိုလုပ်လုပ်ဆောင်ရန် ညွှန်ကြားခြင်းခံခဲ့ရသနည်း။
ကဲသရိမြို့၌ရောမတပ်မှူးဖြစ်သော ကော်နေလိထံသွားပြီး သတင်းကောင်းဝေငှရန် ညွှန်ကြားခြင်းခံခဲ့ရသည် (တမန်၊ ၁၀း၁၇-၃၅)။
၉။ ကော်နေလိထံပေတရုတရားဟောခြင်းကြောင့် မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
ကော်နေလိနှင့်သူ၏အိမ်သူအိမ်သားများသည်ယုံကြည်ပြီးနှစ်ခြင်းခံယူခဲ့ကြသည်(တမန်၊ ၁၀း၄၂-၄၈)။
၁၀။ ကော်နေလိနှင့်သူ၏အိမ်သူအိမ်သားများပြောင်းလဲမှုကိုပေတရုကရှင်းပြသောအခါ ယုံကြည်သူများကမည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။
သူတို့က“အကယ်စင်စစ်ဘုရားသခင်သည်အသက်ရှင်စေခြင်းအလိုငှါ နောင်တတရားကိုတပါးအမျိုးသားတို့အားလည်းပေးတော်မူပြီ”ဟုပြောခဲ့ကြသည်(တမန်၊၁၁း၁၈)။
*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၃၀
၃၀-ထိုသို့ခွဲခန့်မှတ်သားနှင့်သောသူတို့ကိုခေါ်တော်မူ၏။ခေါ်တော်မူသောသူတို့ကိုလည်းဖြောင့်မတ်ရာ၌တည်စေတော်မူ၏။ ထိုသို့တည်စေတော်မူသောသူတို့ကိုလည်းချီးမြှောက်တော်မူ၏။

## သင်ခန်းစာ (၂၁)

## အန္တိအုတ်မြို့မှ ပေါလုနှင့်ဗာနဗတို့ကိုစေလွှတ်ခြင်း

## တမန် ၁၁–၁၃

၁။ အန္တိအုတ်မြို့၌အသင်းတော်တည်ရှိခြင်း၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
အာရှနှင့်ဥရောပနိုင်ငံများသို့သတင်းကောင်းဖြန့်ချီရန် ဗဟိုကျသောမြို့ဖြစ်သည်(တ၁၁း၂၀-၂၇၊ ၁၃း၁-၃)။

၂။ အန္တိအုတ်မြို့၌အသင်းတော်ကို မည်ကဲ့သို့တည်ထောင်ခဲ့သနည်း။
ကုပရုမြို့နှင့်ကုရေနေမြို့များမှလာသောလူများက ယုဒလူမျိုးများနှင့်ဂရိလူမျိုးများထံသတင်းကောင်း
ဝေငှခဲ့သည်။(တမန် ၁၁း၁၉-၂၁)

၃။ အန္တိအုတ်မြို့တွင်အမှုတော်ဆောင်ရန်ယေရုရှလင်မြို့ရှိအသင်းတော်က မည်သို့ထောက်ပံ့ခဲ့သနည်း။
ဗာနဗကိုစေလွှတ်ခဲ့ကြပြီး သူ့အားဖြင့် ဘုရားသခင်ထံလူများစွာ ဆက်ကပ်ခဲ့ကြသည်(တမန်၊ ၁၁း၂၂)။

၄။ ဟေရုဒ်မင်းသည် ယေရုရှလင်မြို့အသင်းတော်ကိုမည်ကဲ့သို့ညှဉ်းပန်းနှိပ်စက်ခဲ့သနည်း။
ယာကုပ်ကိုသတ်ဖြတ်ခဲ့ပြီး ပေတရုကိုထောင်ထဲ၌လှောင်ထားခဲ့သည် (တ၊၁၂း၁-၃)။

၅။ ဟေရုဒ်မင်းကြီးသည် ပေတရုကိုလည်းသတ်ဖြတ်ခဲ့သလော။
ဘုရားသခင်၏ကောင်းကင်တမန်သည် ပေတရုအားထောင်ထဲမှကယ်တင်ခဲ့သည်(တမန်၊ ၁၂း၄-၁၁)။

၆။ ဟေရုဒ်မင်းကြီး၏ညှဉ်းပန်းနှိပ်စက်မှုကြောင့်အသင်းတော်တိုးတက်မှုတားဆီးခဲ့သလော။
ဘုရားသခင်၏နှုတ်ကပတ်တော်သည်ကြီးထွားပြီးတိုးပွါးခဲ့သည်(တမန်၊ ၁၂း၂၀-၂၄)။

၇။ ဗာနဗသည် မည်သူ့ကို အန္တိအုတ်မြို့သို့ခေါ်သွားခဲ့သနည်း။
ဗာနဗသည် ပေါလုကိုကူညီရန် တာရှုမြို့သို့သွားပြီးတစ်နှစ်အမှုတော်ဆောင်ခဲ့သည်(တ၊ ၁၁း၂၃-၂၆)။

၈။ သန့်ရှင်းသောဝိညာဉ်တော်သည်အန္တိအုတ်မြို့ရှိယုံကြည်သူများထံမည်သည့်အရာကိုပြော ပြခဲ့သနည်း။
"ငါခန့်ထားသောအမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခွဲထားကြလော့" (တမန်
၁၃း၂)။

၉။ အန္တိအုတ်မြို့တွင်ရှိသောအသင်းတော်သည် ပေါလုနှင့်ဗာနဗကိုစေလွှတ်ရန် အမိန့်ကိုဂရုစိုက်ခဲ့သလော။
သူတို့သည် ထိုသူတို့အပေါ်မှာလက်တင်ဆုတောင်းခဲ့ပြီးနောက် သတင်းကောင်းဝေငှရန် သူတို့ကို
စေလွှတ်ခဲ့ကြသည်(တမန်၊ ၁၃း၃)။

၁၀။ ပေါလုသည် သာသနာလုပ်ငန်းလုပ်ဆောင်သောအခါ မည်သည့်နည်းစနစ်ကိုအသုံးပြုခဲ့သနည်း။
ယုဒလူမျိုးများထံ သတင်းကောင်းဝေငှခဲ့ပြီးနောက် တပါးအမျိုးသားများထံဝေငှခဲ့သည်။(တ၊ ၁၃း၄၂၊
၄၄-၄၆၊ ၁၄း၁)။

*ထပ်မံဖြည့်စွက်ထားသောရွေးကျမ်းချက်များ-* ရောမ၊ ၈း၃၁-၃၂

၃၁-သို့ဖြစ်၍ဤအရာများတို့၌အဘယ်သို့ပြောစရာရှိသနည်း။ ဘုရားသခင်သည်ငါတို့ဘက်၌ရှိတော်
မူလျှင် အဘယ်သူသည် ငါတို့တဘက်၌နေနိုင်မည်နည်း။

၃၂-မိမိသားတော်ရင်းကိုမနှမြော်ဘဲ ငါတို့ရှိသမျှအဘို့အလိုငှါစွန့်တော်မူသောသူသည် သားတော်နှင့်
တကွခပ်သိမ်းသောအရာတို့ကိုငါတို့အားမပေးဘဲအဘယ်သို့နေတော်မူမည်နည်း။



## သင်ခန်းစာ (၂၂)

## တမန်တော်ရှင်ပေါလု၏ပထမသာသနာခရီးစဉ်

## တမန် ၁၃–၁၄

၁။ ဗာနဗနှင့်ပေါလုတို့သည် မည်သည့်နေရာတွင်သာသနာလုပ်ငန်းစပြုခဲ့ကြသနည်း။
ဗာနဗ၏အိမ်၊ ကုပရုကျွန်းသို့သွားခဲ့ကြပြီး၊ ယောဟန်ကိုလည်းခေါ်သွားခဲ့သည် (တမန်၊၁၃း၄-၅)။

၂။ မည်သူသည် ပါဖုမြို့တွင် သူတို့ကို ဆန့်ကျင်ခဲ့သနည်း။
နတ်ဝိဇ္ဇာဆရာ ဗာယေရှုကသူတို့ကိုဆန့်ကျင်ခဲ့သည်(တမန်၊ ၁၃း၄-၁၂)။

၃။ ပေါလုနှင့်ဗာနဗတို့သည် ကုပရုကျွန်းမှမည်သည့်နေရာသို့သွားရောက်ခဲ့ကြသနည်း။
ယောဟန်သည် သူတို့ထံမှထွက်ခွါသွားခဲ့သောပေရဂေမြို့၊ အာရှမိုင်နာသို့သွားခဲ့ကြသည်(တ၊၁၃း၁၃)။

၄။ ပိသိဒိပြည်၊ အန္တိအုတ်မြို့၌ ပေါလုသည် ယုဒလူများထံမည်သည့်အရာကိုဟောပြောခဲ့သနည်း။
သေခြင်းမှထမြောက်သောခရစ်တော်သည် ဓမ္မဟောင်းကျမ်းစာ၏ပြည့်စုံခြင်းဖြစ်သည်ဟုသူဟောပြောခဲ့
သည်(တမန်၊ ၁၃း၁၄-၄၁)။

၅။ အန္တိအုတ်မြို့တွင် ပေါလုနှင့်ဗာနဗတို့တရားဟောခြင်းကြောင့်မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
လူများစွာတို့သည် တရားနားထောင်ရန်လာခဲ့ကြသော်လည်း၊ ယုဒလူများက မနာလိုဖြစ်ကြကာ သူတို့ကို
ဆန့်ကျင်ရန် တိုက်တွန်းနှိုးဆော်ခဲ့ကြသည် (တမန်၊ ၁၃း၄၄-၄၅)။

၆။ ယုဒလူများသည်ပေါလုနှင့်ဗာနဗတို့ကိုဆန့်ကျင်ခဲ့ကြသော်လည်း စိတ်ချမှုမည်သို့ရရှိခဲ့ကြသနည်း။
ထာဝရအသက်ရရှိရန်ဘိသိက်ခြင်းခံသောသူများအားလုံးယုံကြည်ခဲ့ကြသည် (တမန်၊ ၁၃း၄၈)။

၇။ ဣကောနိမြို့၌ပေါလုနှင့်ဗာနဗတို့ဒေသနာကြောင့်မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
ယုဒလူမျိုးများနှင့်ဂရိလူမျိုးများသည်ယုံကြည်ခဲ့ကြသည်(တမန်၊ ၁၄း၁)။

၈။ ပေါလုနှင့်ဗာနဗတို့သည် အဘယ်ကြောင့်ဣကောနိမြို့မှထွက်ပြေးခဲ့ကြသနည်း။
မယုံကြည်သောယုဒလူများသည် သူတို့ကိုသတ်ဖြတ်ကြိုးစားကြသောကြောင့်ဖြစ်သည်။(တ၊၁၄း၂-၇)။

၉။ လုတ္တရမြို့နှင့်ဒေရဗေမြို့များတွင် ပေါလုနှင့်ဗာနဗတို့အပေါ်မှာ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
လူတွေက သူတို့ကို ဘုရားများကဲ့သို့ကိုးကွယ်ရန်ကြိုးပမ်းခဲ့ကြပြီးနောက်ပိုင်းတွင် ပေါလုကိုငြင်းပယ်ကာ
ကျောက်ခဲဖြင့်ပစ်ခဲ့ကြသည် (တမန်၊ ၁၄း၆-၂၀)။

၁၀။ ပေါလုနှင့်ဗာနဗတို့သည် အန္တိအုတ်မြို့သို့အိမ်ပြန်လမ်းတွင် မည်သည့်အရာကိုလုပ်ဆောင်ခဲ့ကြသနည်း။
သူတို့သည် တည်ထောင်ခဲ့ပြီးသောအသင်းတော်များသို့သွားရောက်ပြီးယုံကြည်ခြင်းခိုင်ခံ့ရန်အားပေးခဲ့ကြ
ကာအသင်းတော်အားလုံးတွင် သင်းထောက်လူကြီးများခန့်ထားခဲ့သည်(တ၊ ၁၄း၂၁-၂၃)။

*ထပ်မံဖြည့်စွက်ထားသောရွေးကျမ်းချက်များ-* ရောမ၊ ၈း၃၃-၃၄

၃၃-ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကိုအဘယ်သူသည်အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ
၌တည်စေတော်မူသောသူကားဘုရားသခင်ပေတည်း။

၃၄-အပြစ်စီရင်သောသူကားအဘယ်သူနည်း။ အသေခံ၍ခံသည်သာမက၊ သေခြင်းမှထမြောက်၍ဘု
ရားသခင်၏လက်ျာတော်ဘက်၌နေလျက်၊ ငါတို့အဘို့ဆုတောင်းသောသူကားခရစ်တော်ပေတည်း။

## သင်ခန်းစာ (၂၃)

## တမန်တော်ရှင်ပေါလု၏ဒုတိယသာသနာခရီးစဉ်

## တမန် ၁၆–၁၈

၁။ ပေါလုသည် သဒုတိယကြိမ်သာသနာခရီးစဉ်ကို မည်ကဲ့သို့စတင်ခဲ့သနည်း။
ပထမသာသနခရီးစဉ်တွင် တည်ထောင်ခဲ့ပြီးသောအသင်းတော်များထံ သိလနှင့်အတူသွားရောက်ခဲ့သည်(တမန်၊ ၁၅း၃၆-၄၁)။

၂။ ပေါလုသည် ဤသာသနာခရီးစဉ်တွင် အဘယ်ကြောင့် အာရှမိုင်းနားရှိအခြားဒေသများသို့တရားမဟောခဲ့သနည်း။
သန့်ရှင်းသောဝိညာဉ်တော်က မာကေဒေါနိလူတစ်ဦးအိပ်မက်ရူပါရုံရရှိသောနေရာတရောမြို့သို့သွားစေသောကြောင့်ဖြစ်သည်(တမန်၊ ၁၆း၆-၁၀)။

၃။ မာကေဒေါနိလူတစ်ဦးအိပ်မက်ရူပါရုံ၏အရေးပါမှုသည် မည်သည့်အရာဖြစ်သနည်း။
သူ့ကိုဖိလိပ္ပိမြို့မှစ၍ဥရောပထိ သတင်းကောင်းဟောပြောရန် ခေါ်ဖိတ်ခြင်းဖြစ်သည်(တမန်၊ ၁၆း၁၀-၁၅)။

၄။ ပေါလုနှင့်သိလတို့သည် ဖိလိပ္ပိမြို့တွင် နှိပ်စက်ခြင်းမည်ကဲ့သို့ခံခဲ့ရသနည်း။
နတ်ဆိုးအားဖြင့်အနာဂတ်ကိုဟောပြောနိုင်သောမိန်းမတစ်ဦး၏ နတ်များနှင်ထုတ်ခဲ့ကြသဖြင့် သူတို့ကိုရိုက်နက်ခဲ့ကြကာ ထောင်ထဲသို့လှောင်ထားခဲ့ကြသည်(တမန်၊ ၁၆း၁၆-၄၀)။

၅။ ဖိလိပ္ပိမြို့၌ပေါလုတရားဟောခြင်းကြောင့်မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
လုဒိနှင့်ထောင်မှူးတို့သည်ယုံကြည်ခဲ့ကြပြီး လူအနည်းငယ်စုရုံးလာခဲ့သည်(တမန်၊ ၁၆း၁၄)။

၆။ သက်သလောနိတ်မြို့၌ပေါလုတရားဟောခြင်းကြောင့် မည်သည့်အကျိုးဖြစ်ထွန်းခဲ့သနည်း။
ဂရိလူမျိုးများနှင့်မိန်းမတို့သည် ယုံကြည်ခဲ့ကြသော်လည်း ယုဒလူများက ပေါလုကို ဗေရိမြို့သို့နှင်ထုတ်ခဲ့သည်(တမန်၊ ၁၇း၁-၁၀)။

၇။ ဗေရိမြို့သူမြို့သားများအကြောင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မည်သည့်အရာကို သိရှိနိုင်သနည်း။
သူတို့သည် နှုတ်ကပတ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့နှေးညမပြတ်ဖတ်ရှုခံယူခဲ့ကြသည်(တ၊ ၁၇း၁၁)။

၈။ အာသင်မြို့၌ပေါလုတရားဟောခြင်းကြောင့် မည်သည့်အကျိုးဖြစ်ထွန်းခဲ့သနည်း။
လူအများအပြားက ပြက်ရယ်ပြုခဲ့ကြသော်လည်း အနည်းငယ်ကယုံကြည်ခဲ့သည် (တ၊ ၁၇း၁၆-၃၄)။

၉။ ပေါလုသည် အာသင်မြို့မှ မည်သည့်နေရာသို့ထွက်ခွါသွားခဲ့သနည်း။
ကောရိန္သုမြို့သို့သွားခဲ့သည်(တ၊ ၁၈း၁-၉)။

၁၀။ ကောရိန္သုမြို့၌ပေါလုတရားဟောခြင်းကြောင့် မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
ပေါလုသည်တစ်နှစ်နှင့်ခြောက်လအတွင်း အသင်းတော်တစ်ပါးတည်ထောင်ခဲ့သည်(တ၊ ၁၈း၉-၁၁)။

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၃၅-၃၆

၃၅-ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ငါတို့ကိုအဘယ်သူကွာစေမည်နည်း။

၃၆-အကယ်စင်စစ်ကိုယ်တော်အတွက်အကျွန်ုပ်တို့သည်အစဉ်မပြန်အသေသတ်ခြင်းကိုခံရကြပါ၏။
သတ်ဘို့ရာထားသောသိုးကဲ့သို့အကျွန်ုပ်တို့ကိုသူတပါးမှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ၊ ဆင်းရဲငြိုငြင်ခြင်း၊ညှဉ်းဆဲနှိပ်စက်ခြင်း၊မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ဘေးနှင့်တွေ့ကြုံခြင်း၊ကွပ်မျက်ခြင်းကိုခံရသော်လည်း၊ ထိုအမှုတို့တွင်အဘယ်အမှုသည်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့်ငါတို့ကို ကွာစေမည်နည်း။



## သင်ခန်းစာ (၂၄)

## တမန်တော်ရှင်ပေါလု၏တတိယသာသနာခရီးစဉ်

## တမန် ၁၉–၂၁

၁။ ပေါလုသည် တတိယကြိမ်သာသနာလုပ်ငန်းကိုအာရှမိုင်းနား၏မည်သည့်မြို့၌အများဆုံးလုပ်ရှားခဲ့သနည်း။
အာတေမိနတ်ကိုကိုးကွယ်ရာဗဟိုဧဖက်မြို့၌ လှုပ်ရှားခဲ့သည်(တ၊၁၉း၁၊ ၈-၁၀၊ ၂၀-၄၁)။

၂။ ဧဖက်မြို့၏၌ပေါလု၏လှုပ်ရှားမှုကြောင့်မည်သည့်အကျိုးဖြစ်ထွန်းခဲ့သနည်း။
ဧဖက်မြို့သည်အာရှတခွင်လုံးအတွက် သတင်းကောင်းဝေငှရာဌာနချုပ်ဖြစ်ခဲ့သည်(တ၊၁၉း၁၀)။

၃။ ဧဖက်မြို့၌ပေါလု၏တရားဟောခြင်းကို ဘုရားသခင်သည် မည်ကဲ့သို့အသိအမှတ်ပြုခဲ့သနည်း။
ဘုရားသခင်သည် ပေါလု၏လက်အားဖြင့်အံ့ဩဘွယ်နိမိတ်လက္ခဏာပြုပြီး၊ နာမကျန်းသောသူများကျန်းမာစေကာ နတ်ဆိုးများကိုနှင်ထုတ်ခဲ့သည်(တ၊ ၁၉း၁၁-၁၂)။

၄။ ဧဖက်မြို့၌ပေါလုသာသနာပြုခြင်းကြောင့် မည်သည့်အသီးဖြစ်ထွန်းခဲ့သနည်း။
လူများစွာတို့သည်ယုံကြည်ပြီး နတ်ဘုရားများစွန့်လွှတ်ခဲ့ကြသည်(တ၊ ၁၉း၂၃)။

၅။ ဧဖက်မြို့၌မည်သူသည် ပေါလုကိုဆန့်ကျင်ခဲ့သနည်း။
ဒေမေတရိသည် ပေါလုကိုဆန့်ကျင်ခဲ့သည် (တ၊ ၁၉း၂၃)။

၆။ ပေါလုသည် ဧဖက်မြို့မှ မည်သည့်နေရာသို့ထွက်ခွါသွားခဲ့သနည်း။
မာကေဒေါနိမြို့နှင့် ဂရိမြို့များ၌သွားပြီးသာသနာပြုခဲ့သည်(တ၊ ၂၀း၆-၁၂)။

၇။ ပေါလု၏အိမ်ပြန်ခရီးတွင် တရောမြို့၌ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ပေါလုတရားဟောနေစဉ်ပြတင်းပေါက်မှအောက်သို့ပြုတ်ကျပြီး သေခဲ့သောလူငယ်တစ်ဦး ဥတုခုကိုရှင်ပြန်ထမြောက်စေခဲ့သည်။ (တမန် ၂၀း၆-၁၂)

၈။ ပေါလုသည် မိလက်မြို့၌မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။
ဧဖက်မြို့၌ရှိသောသင်းထောက်လူကြီးများကိုသစ္စာရှိရှိအမှုတော်ဆောင်ရန်အားပေးခဲ့သည်(တ၊ ၂၀း၁၆-၃၀)။

၉။ ပေါလုယေရုရှလင်မြို့သို့သွားစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အရာဖွင့်ပြောခဲ့သနည်း။
သတင်းကောင်းကြောင့် ချည်နှောင်သတ်ဖြတ်ခြင်းခံရမည်ဟုဖွင့်ပြောခဲ့သည်(တ၊ ၂၀း၂၃)။

၁၀။ ဤသာသနာခရီးစဉ်တွင် ပေါလုသည် မည်သည့်စာစောင်ကိုရေးသားခဲ့သနည်း။
ရောမဩဝါဒစာ၊ ကောရိန္သုဩဝါဒစာပဌမနှင့်ဒုတိယစာစောင်၊ နှင့် ဂလာတိဩဝါဒစာများရေးသားခဲ့သည်။

*ထပ်မံဖြည့်စွက်ထားသောရှေ့ကျမ်းချက်များ-* ရောမ၊ ၈း၃၇

၃၇-မကွာစေသည်သာမက၊ ငါတို့ကိုချစ်တော်မူသောသူ၏ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကိုခံစဉ်တွင်ပင်အထူးသဖြင့် အောင်မြင်ကြ၏။

## သင်ခန်းစာ (၂၅)
## ရောမမြို့၌ပေါလုကို ချုပ်နှောင်ခြင်းနှင့် ထောင်ချခြင်း
## တမန် ၂၃-၂၈

၁။ ပေါလုသည် ယေရုရှလင်မြို့သို့သွားစဉ် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
ယုဒလူစုက သူ့ကိုဗိမာန်တော်ထဲမှဆွဲထုတ်ပြီးသတ်ရန်ကြိုးပမ်းခဲ့ကြသည်(တ၊ ၂၁း၂၇-၃၁)။
၂။ မည်သူသည် ပေါလုအားဤလူစုများနှိပ်စက်ခြင်းမှကယ်တင်ခဲ့သနည်း။
ရောမစစ်သူကြီးတစ်ဦးသည် ပေါလုကိုထိန်းသိမ်းပြီး ဖမ်းဆီးချုပ်နှောင်ကာ ရဲတိုက်ထဲသို့ခေါ်ဆောင်ခဲ့သည်(တ၊ ၂၁း၃၂-၃၄)။
၃။ ဘုရားသခင်သည် ပေါလုကို ရဲတိုက်ထဲ၌ထောင်သားတစ်ဦးအဖြစ်နေစဉ်မည်ကဲ့သို့အားပေးခဲ့သနည်း။
ဘုရားသခင်သည် ပေါလုထံထင်ရှားပြီး ရောမမြို့သို့သက်သေခံဝေငှရမည်ဟုပြောခဲ့သည်(တ၊ ၂၃း၁၁)။
၄။ ပေါလုသည်ယေရုရှလင်မြို့မှ မည်သည့်နေရာသို့ လျှို့ဝှက်စွာခေါ်ဆောင်ခြင်းခံခဲ့သနည်း။
သူသည် ကဲသာမြို့သို့ခေါ်ဆောင်ခြင်းခံခဲ့သည် (တ၊ ၂၄း၂၄-၂၇)။
၅။ အဘယ်ကြောင့်ပေါလုအားနောက်ဆုံးတွင် ရောမမြို့သို့ခေါ်ဆောင်ခဲ့သနည်း။
သူသည် ယေရုရှလင်မြို့၌ချုပ်နှောင်ခြင်းခံရသည်ထက်ရောမမြို့သို့ခေါ်ဆောင်ခြင်းခံလိုသည်ဟု ကဲသာဘုရင်ထံတောင်းဆိုခဲ့သောကြောင့်ဖြစ်သည် (တ၊ ၂၅း၉-၁၂)။
၆။ ရောမမြို့သို့ပေါလု၏ရေကြောင်းဖြင့်ခရီးသွားသည့်အခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သင်္ဘောပျက်စီးသွားခဲ့သောအခါ ပေါလုသည် အံ့ဩဘွယ်ကောင်းစွာလွတ်မြောက်ခဲ့သည်(တ၊ ၂၇)။
၇။ ရောမမြို့တွင်ပေါလုကို မည်ကဲ့သို့ ဆက်ဆံခဲ့ကြသနည်း။
သူသည်အိမ်တွင်နေထိုင်ခွင့်နှင့် နှစ်နှစ်ခန့် သတင်းကောင်းကိုဝေငှခွင့်ရရှိခဲ့သည်(တ၊၂၈း၁၆-၃၁)။
၈။ ပေါလုသည် ရောမ ၁း၁၆၌ သတင်းကောင်းအကြောင်းကို မည်ကဲ့သို့ဟောပြောခဲ့သနည်း။
“ငါသည်ခရစ်တော်၏ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ထိုတရားသည် ရှေ့ဦးစွာ၌ယုဒလူ၊နောက်၌ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကိုကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏” (ရောမ၊ ၁း၁၆)။
၉။ တမန်တော်ဝတ္ထုသည် ရောမ ၁း၁၆၌ရှိသောအကြောင်းအရာကို သက်သေထူခဲ့သလော။
ခရစ်တော်၏သေးငယ်သောအသင်းတော်သည် ယေရုရှလင်မြို့မှ ရောမမြို့တိုင်အောင်ကျယ်ပြန့်ခဲ့သည်။
၁၀။ ပေါလုသည် သေခြင်းတရားနှင့်ကြုံတွေ့သောအခါမည်သည့်အရာကသူ့ကိုနှစ်သိမ့်ခဲ့သနည်း။
“ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ။ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။ ယခုမှစ၍ဓမ္မသရဖူသည်ငါ့အဘို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌တရားသဖြင့်စီရင်သောသူတည်းဟူသောသခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကိုတောင့်တသောသူအပေါင်းတို့၌လည်းအပ်ပေးတော်မူမည်”(၂တိ၊ ၄း၇-၈)။

*ထပ်မံဖြည့်စွက်ထားသောရွှေကျမ်းချက်များ-* ရောမ၊ ၈း၃၈-၃၉

၃၈-အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ
၃၉-အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသောဘုရားသခင်၏မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏။